# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၆၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၃.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဥ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိတဲ့သူက ခွင့်ပန်ကြားတဲ့ အခါမှာ အမည်နဲ့မဲဆန္ဒနယ်ကိုသာ ဖတ်ကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော်ဦးမောင်ဦးမှ စုပေါင်းပန်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူကိုယ်စားလှယ်ဦးရေ ၄၃၁ ဦးအနက် ယခင် ခွင့်ပန်ကြားထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပန်ကြားထားသူ ၅၄ ဦး၊ စုစုပေါင်း ၇၀ ဦး ခွင့်ပန် ကြားထားပါတယ်။ ၎င်းတို့အနက် ကျန်းမာရေးအရ ခွင့်ပန်ကြားသူ ၉ ဦး၊ ကိုယ်တိုင်ဆောင်ရွက်ရန်

ကိစ္စရပ်များရှိပါသဖြင့် ခွင့်ပန်ကြားသူ ၄၅ ဦး၊ စုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ကျန်းမာရေးအရ ခွင့်ပန်ကြားသူ ၉ ဦးမှာတော့-

(၁) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၊

(၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၊

(၃) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၊

(၄) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်၊

(၅) ကလောမဲဆန္ဒနယ်မှ ဒေါ်သန်းငွေ၊

(၆) တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးမြင့်မောင်၊

(၇) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်၊

(၈) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို၊

(၉) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေတို့ စုစုပေါင်း ၉ ဦးဖြစ်ပါတယ်ခင်ဗျား။

ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် ခွင့်ပန်ကြားထားသူ ၄၅ ဦးမှာတော့-

(၁၀) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၁၁) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန်း၊

(၁၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်၊

(၁၃) ရွှေဘိုမဲန္ဒနယ်မှ ဒေါက်တာအောင်သန်း၊

(၁၄) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၊

(၁၅) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊

(၁၆) ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊

(၁၇) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊

(၁၈) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊

(၁၉) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊

(၂၀) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့်၊

(၂၁) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်၊

(၂၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင်၊

(၂၃) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၊

(၂၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၂၅) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၊

(၂၆) ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်၊

(၂၇) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး၊

(၂၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊

(၂၉) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၊

(၃၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒီဒွေ့၊

(၃၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊

(၃၂) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို၊

(၃၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်၊

(၃၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၊

(၃၅) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်၊

(၃၆) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်၊

(၃၇) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၊

(၃၈) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၊

(၃၉) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊

(၄၀) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၄၁) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၊

(၄၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊

(၄၃) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၄၄) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း၊

(၄၅) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်၊

(၄၆) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၊

(၄၇) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊

(၄၈) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီ၊

(၄၉) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ၊

(၅၀) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၅၁) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း၊

(၅၂) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင်၊

(၅၃) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၊

(၅၄) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်တို့ သည် ယနေ့ ၁-၈-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်စီဖြင့် ပန်ကြားထားပါကြောင်းနှင့် စုပေါင်းခွင့်ပန်ကြားမှုအားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ပါမယ်။

**လွှတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်သော အရပ်ဝန်ထမ်းများ၏ တရားဝင်ခံစားခွင့်ရှိသည့် ပင်စင်နှင့် ဆုငွေများကို ခံစားခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ယခုမေးမြန်းတင်ပြချက်များသည် ပုဂ္ဂိုလ်ရေးမပါရှိပါ။ စည်းလုံးညီညွတ်ခြင်းကို အဓိကထားပြီး မေးမြန်းတင်ပြခြင်းသာဖြစ်ပါကြောင်း ကြိုတင်တင်ပြလိုပါတယ်။ မေးမြန်းလိုတဲ့အချက်ကတော့ နိုင်ငံတော်သမ္မတကြီးက လွှတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်သော အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့က တပ်ဖွဲ့ဝင်များ၊ ၎င်းတို့နှင့်အတူ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အရပ်ဘက်ဆိုင်ရာဝန်ထမ်းများရဲ့ ဘဝရပ်တည်မှုအတွက် တရားဝင်ခံစားခွင့်ရှိသော ဆုငွေနှင့် ပင်စင်ကိစ္စရပ်များဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ယခင်နိုင်ငံတော်ကောင်စီလက်ထက်တွင် အမျိုးသားထောက်လှမ်းရေးဥပဒေကို ၁၉၈၃ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေပုဒ်မ ၁၀ ဖြင့်အတည်ပြုပြဋ္ဌာန်းခဲ့ပြီး တပ်ဖွဲ့ကိုဖွဲ့စည်းခဲ့တယ်လို့သိရှိရပါတယ်။ ယင်းသို့ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြတဲ့အတွက် နိုင်ငံတော်နှင့် မိဘပြည်သူများအပေါ် ကျရောက်လာမယ့် အန္တရာယ်ဆိုးကြီးတွေက လွတ်မြောက်ခဲ့ကြတဲ့ သာဓကတွေရှိခဲ့ကြတယ်ဆိုတာ ဘယ်သူကမှ ငြင်းလို့မရတဲ့အချက်ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကောင်စီခေတ်ကျော်လွန်ခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တပ်မတော်အစိုးရလက်ထက်မှာလည်း ကြိုးပမ်းထမ်းဆောင်ခဲ့တာတွေရှိပါတယ်။ အသင်းအဖွဲ့ဆိုတဲ့နေရာမှာ မတစ်ရာသားတွေကို စုစည်းဖွဲ့စည်းရတာမို့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကောင်းတာတွေရှိခဲ့သလို၊ မကောင်းတာတွေလည်း အမှန်ရှိခဲ့ပါတယ်။ ခြောက်ပစ်ကင်းသဲလည်းစင် အားလုံးကောင်းတယ်ဆိုတာ ရှားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မကောင်းတဲ့အချက်တွေရှိပေမယ့် ကောင်းတဲ့အချက်တွေကိုတော့ မေ့ထားလို့မရဘူးဆိုတာကိုတော့ တင်ပြလိုပါတယ်။ အမှန်တင်ပြရရင်တော့ အဲဒီခေတ်ကာလမှာ

ထောက်လှမ်းရေးတပ်ဖွဲ့ဟာ လွှတ်ထားတဲ့ငါးကြီး ချင်တိုင်းကြီးခဲ့တာတွေ့ရပါတယ်။ ပိုပြီးဆိုးရွား စေတာက တပ်ဖွဲ့ဝင်အချို့ဟာ အချို့နေရာတွေမှာ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ခဲ့ကြတဲ့အတွက် တပ်ဖွဲ့အပေါ် မုန်းတီးခဲ့ကြတာတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာတော့ အကြောင်းအမျိုးမျိုးတွေကြောင့် နိုင်ငံတော်ရဲ့လိုအပ်ချက်အရ အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ၎င်းတို့နှင့် နယ်စပ်ဒေသမှာ အတူတွဲဖက်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အရပ်ဘက် ဆိုင်ရာဝန်ထမ်းများကိုပါ အရေးယူအပြစ်ပေးခဲ့ပြီး ထောက်လှမ်းရေးဥပဒေကိုပါ ဖျက်သိမ်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီနေရာမှာ တင်ပြလိုတာကတော့ အရပ်ဘက်ဆိုင်ရာဝန်ထမ်းဆိုတာကတော့ တာဝန် ပေးရင်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ ပူးတွဲပြီး အရေးယူလိုက်တဲ့အတွက် အရပ်ဘက်ဝန်ထမ်းတွေ မှာတော့ နစ်နာမှုတွေရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေဆဲကာလမှာတော့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ကဏ္ဍအသီးသီးအလိုက် အရေးယူ ထားတဲ့ ပြင်ပပုဂ္ဂိုလ်များကိုပါ လွတ်ငြိမ်းချမ်းသာခွင့်တွေကိုပေးပါတယ်။ ပြည်ပမှာ ရောက်ရှိနေတဲ့ ပုဂ္ဂိုလ်များကို မိခင်နိုင်ငံသို့ ပြန်လာဖို့ဖိတ်ခေါ်ခဲ့ပါတယ်။ မတူတာတွေကိုဖယ်ပြီး ပူးပေါင်းဆောင်ရွက် ကြဖို့တိုက်တွန်းခဲ့တာတွေကိုလည်း တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးတင်ပြလိုတာကတော့ နိုင်ငံတော်ကို ဆန့်ကျင်နေတဲ့ပုဂ္ဂိုလ်တွေနဲ့ အချို့အဖွဲ့အစည်းဝင်တွေအပေါ် မှာတောင် နားလည် ခွင့်လွှတ်ပြီး ဘဝရပ်တည်မှုအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေတာတွေလည်း တွေ့ရပါတယ်။ မိဘပြည်သူတော်တော်များများက ပြောခဲ့ကြပါတယ်။ ထောက်လှမ်းရေးမကောင်းကြောင်း၊ ဝန်ထမ်း များမကောင်းကြောင်းကို ပြောခဲ့ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မကောင်းတဲ့သူတွေရှိသလို ကောင်းခဲ့ တဲ့သူတွေလည်း ညှာတာထောက်ထားရပါမယ်။ ဒါ့အပြင် နိုင်ငံတော်အပေါ် မှာ ဆောင်ရွက်ခဲ့တဲ့ ကြိုးပမ်းချက်တွေကိုလည်း ကြည့်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုလှေကြီးကိုစီးပြီး တစ်ခရီးတည်းကို အတူသွားနေကြတဲ့ သံသရာခရီးသည်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေချင်ပါတယ်။ ဒါကြောင့် ကောင်းတဲ့အချက်တွေကို ကြည့်ကြရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်းက ပြည်နယ်တစ်ခုမှာ ဖြစ်ပွားခဲ့တဲ့အခြေအနေကို ထောက်ရှုပြီး ထောက်လှမ်းရေးကဏ္ဍဟာ ပေါ့ဆနေလို့ မရဘူးဆိုတာကို အားလုံးသတိပြုကြဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးခဲ့တဲ့ တပ်ဖွဲ့ဝင်တွေနှင့် အရပ်ဘက်ဆိုင်ရာဝန်ထမ်းများရဲ့ ဘဝရပ်တည်မှုစားဝတ်နေရေးကို ပြန်လည်စဉ်းစားပေးသင့်ပါကြောင်းတင်ပြလိုပါတယ်။ တပ်ဖွဲ့ဝင်တော်တော်များများနှင့် အရပ်ဘက်ဆိုင်ရာဝန်ထမ်းများဟာ ဘဝရပ်တည်မှုခက်ခဲပြီး စားဝတ်နေရေးခက်ခဲမှုရှိနေကြောင်း ကြားသိတွေ့မြင်နေရပါတယ်။ သို့ပါ၍ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့မှုအပေါ် ညှာတာသောအားဖြင့် နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်သော အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့နှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ကြသော အရပ်ဘက်ဆိုင်ရာဝန်ထမ်းများရဲ့ တရားဝင်ခံစားခွင့်ရှိသော ဆုငွေ၊ ပင်စင်တို့ကို ခံစားခွင့်ပေးသွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့မေးမြန်းလာသည့်မေးခွန်းအပေါ် ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ရဲ့ ဌာနအဖွဲ့အစည်းအသီးသီးမှာ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းများတာဝန်ထမ်းဆောင်မှုမှ အငြိမ်းစားယူခွင့်ရရှိတဲ့အခါ ထမ်းဆောင်ခဲ့တဲ့ အမှုထမ်းသက်များပေါ် မူတည်ပြီး ပင်စင်နှင့်ဆုငွေအကျိုးခံစားခွင့်များကို မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ (Civil Service Regulation) မြန်မာပြည်ထပ်ဆင့်ထုတ် မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ (Burma Supplement to Civil Service Regulation) မူလအခြေခံနည်းဥပဒေများ (Fundamental Rules) များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ မြို့ပြဘက်ဆိုင်ရာ ဝန်ထမ်းဟောင်းများအတွက် မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ အပိုဒ် ၃၅၃ နှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ၂၆-၅-၁၉၈၆ ရက်စွဲပါ စာအမှတ် ဘ-၂(၄)၃/၁၄/(၈၆) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာမိခင်ဌာနအကြီးအကဲထံသို့ ကရုဏာကြေး စရိတ်လျှောက်ထားခွင့်ရှိပါတယ်။ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၃၅၃ မှာ

ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ခြင်းပြုသော်လည်း အထူးသက်ညှာစွာ စဉ်းစားထိုက်တဲ့ ကိစ္စများတွင် ယင်းသို့ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ခြင်းခံရသည့်ဝန်ထမ်းကို ဤကိစ္စအလို့ငှာ ခွင့်ပြုပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းက ကရုဏာကြေး ခွင့်ပြုနိုင်ပြီး ထိုသို့ခွင့်ပြုသည့်ကရုဏာကြေးသည် ၎င်းဝန်ထမ်း သာမန်အားဖြင့် အငြိမ်းစားယူသည့်အခါ ရခွင့်ရှိမည်ဖြစ်သော ပင်စင်နှင့်လုပ်သက်ဆုငွေ၏ သုံးပုံနှစ်ပုံထက်မပိုစေရဟု ပြဋ္ဌာန်းထားပါတယ်။ ကရုဏာကြေးစရိတ် ခွင့်ပြုနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရဲ့ သဘောတူညီချက်ရယူရန်လိုအပ်ပြီး ကရုဏာကြေးစရိတ်ကို အမှုထမ်းသက် ၁၀ နှစ်ပြည့်ပြီးမှသာလျှင် လျှောက်ထားခွင့်ရှိပါတယ်။

တပ်မတော်အရာထမ်း၊ အမှုထမ်းဟောင်းများအတွက် ကာကွယ်ရေးကောင်စီညွှန်ကြားလွှာအမှတ် (၆/၉၀) ရဲ့ အပိုဒ် ၇(က) မှာ စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်ခြင်း သို့မဟုတ် အမြဲတမ်းထုတ်ပယ်ခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားခြင်းကြောင့်ဖြစ်စေ၊ ကြွေးမြီမဆပ်နိုင်ခြင်းကြောင့်ဖြစ်စေ၊ အရည်အချင်းညံ့ဖျင်းခြင်းကြောင့်ဖြစ်စေ၊ ဂုဏ်သိက္ခာထိခိုက်စေသည့် အခြားပြုလုပ်မှုများကြောင့်ဖြစ်စေ၊ စစ်မှုထမ်းခြင်းမှ နုတ်ပယ်ခြင်းခံရသူတစ်ဦးသည် ဤစည်းမျဉ်းအရ ခွင့်ပြုသည့် အငြိမ်းစားလစာ သို့မဟုတ် ဆုကြေးကို ရနိုင်ခွင့်မရှိ။ သို့ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိသဘောအတိုင်း သာမန်အားဖြင့် ထိုသူရထိုက်သည့် စစ်မှုထမ်းသက် အငြိမ်းစားလစာနှင့် ဆုကြေး၏ သုံး ပုံ နှစ်ပုံထက်မပိုသည့် ဂရုဏာကြေးကို အာဏာပိုင်က အတည်ပြုလက်မှတ်ရေးထိုးသည့်ရက်မှစ၍ ထိုသူအားပေးနိုင်ကြောင်း သတ်မှတ်ဖော်ပြထားပြီး အပိုဒ်(ခ)တွင် အဆိုပါကရုဏာကြေးကို မိမိရပိုင်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အနေဖြင့် လျှောက်ထားတောင်းဆိုပိုင်ခွင့် မရှိကြောင်း သတ်မှတ်ဖော်ပြထားပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းသည့် ရာထူးမှနုတ်ပယ်ခြင်း၊ ထုတ်ပယ်ခြင်းခံရသူ ဝန်ထမ်းဟောင်းများဟာ သက်ဆိုင်ရာဌာနအကြီးအကဲထံ ကရုဏာကြေးစရိတ်လျှောက်ထားနိုင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အထက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်ညီညွတ်၍ ခွင့်ပြုလိုပါက သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ အမှုတွဲပေးပို့လာပါက တည်ဆဲပင်စင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဈေးငွေအပေါ်စာချုပ်ချုပ်ရာတွင် တံဆိပ်ခေါင်းခွန်ဖိုးငွေပေးနေရခြင်းအား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ကင်းလွတ်ခွင့်ပြုနိုင်၊ မပြုနိုင်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ယနေ့မြန်မာနိုင်ငံမှာ စျေးကွက်စီးပွားရေးစနစ်နှင့်အညီ သွားလာရာတွင် လုပ်ငန်းရှင်များအနေနဲ့ရင်းနှီးမြှုပ်နှံမှုအတွက် ဘဏ်များကနေပြီးတော့ငွေများချေးယူရပါတယ်။ ယခုအခါမှာ ချေးငွေကျပ်တစ်သိန်းလျှင် တံဆိပ်ခေါင်းခွန်ဖိုး ၁၅၀၀ ကျပ်နှုန်းပေးဆောင်နေကြရပါတယ်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေမြို့ကြီး ၅ မြို့အပေါ်မှာတော့ ချေးငွေအပေါ်မှာတံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်ရှိတယ်လို့ သိရပါတယ်။ ယခုအခါမှာ စျေးကွက်စီးပွားရေးအရလည်းကောင်း၊ ၂၀၁၅ ခုနှစ်မှာ AFTA စီးပွားရေးဇုန်သို့ဝင်ရောက်မှာဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းရှင်များအနေနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ မလိုလားအပ်သောဝန်ဆောင်မှုစရိတ်များမရှိမှသာလျှင် မြန်မာနိုင်ငံလုပ်ငန်းရှင်များ ယှဉ်ပြိုင်နိုင်စွမ်း ရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ ချေးငွေအပေါ်စာချုပ်ချုပ်ရာတွင် တံဆိပ်ခေါင်းခွန် ပေးနေရခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကင်းလွတ်ခွင့်ပြုနိုင်၊ မပြုနိုင်သိရှိလိုပါတယ်။ ကင်းလွတ်ခွင့်ပြုမည်ဆိုပါက မည်သည့်အချိန်တွင် ကင်းလွတ်ခွင့်ပြုနိုင်ကြောင်း သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ ချေးငွေအပေါ်စာချုပ် ချုပ်ရာတွင် တံဆိပ်ခေါင်းခွန်ဖိုးငွေ ပေးသွင်းနေရခြင်းအား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကင်းလွတ်ခွင့်ပြုနိုင်၊

မပြုနိုင်မေးမြန်းလာတဲ့မေးခွန်းအပေါ် ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်မှရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ The Transfer of Property Act 1882 ပုဒ်မ ၅၈ ပုဒ်မခွဲ(စ)တွင် ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့၊ စစ်တွေမြို့နှင့် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ပြန်တမ်းတွင်ကြော်ငြာ၍ သတ်မှတ်ထားသည့်အခြားမြို့တွင် လူတစ်ဦးကမြီရှင်သို့ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်သို့ဖြစ်စေ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏ ပိုင်ဆိုင်ခွင့်စာချုပ်များကို အပေါင်အဖြစ်ထားရှိရန်ပေးအပ်လျှင် ထိုပြုလုပ်မှုသည် ပိုင်ဆိုင်ခွင့်စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း Title Deed ဟုခေါ်သည်ဟုပြဋ္ဌာန်းထားပါတယ်။ အဆိုပါပုဒ်မအရ ၁၉၁၅ ခုနှစ်တွင် Gazette of India Part 1 ၌ နိုင်ငံတော်သမ္မတကထည့်သွင်းကြော်ငြာ၍ မန္တလေးမြို့ကို နယ်မြေတိုးချဲ့သတ်မှတ်ခဲ့သည့်အတွက် လက်ရှိကာလ၌ ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့၊ စစ်တွေမြို့နှင့် မန္တလေးမြို့များ၌ ပိုင်ဆိုင်ကြောင်းပြသသည့် စာချုပ်စာတမ်း Title Deed တင်ပြနိုင်ရုံဖြင့် အပေါင်စာချုပ်ချုပ်ဆိုရန်မလိုဘဲငွေချေးယူနိုင်သောကြောင့် တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ရရှိလျက်ရှိနေတာဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ၌ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် အဆိုပါမြို့များနည်းတူ ငွေချေးယူခွင့်အပေါ် တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ရရှိစေရေး လေ့လာသုံးသပ်ပြီးပြင်ဆင်ရန် ကြိုးစားခဲ့သော်လည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ကိုင်တွယ်စီမံဆောင်ရွက်နေသော ဥပဒေမဟုတ်တဲ့အတွက် တွေ့ရှိသုံးသပ်ချက်များဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ အဆိုပါပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ The Transfer of Property Act, 1882 ကိုပြင်ဆင်သည့် ဥပဒေမူကြမ်းအား နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ပြည်သူသို့ထုတ်ပြန်ပေးပြီး အကြံဉာဏ်တောင်းယူသည့်အဆင့်ကိုရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ The Transfer of Property Act, 1882 ကိုပြင်ဆင်သည့်ဥပဒေအား သတ်မှတ်ပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပိုင်ဆိုင်ကြောင်းပြသသည့် စာချုပ်စာတမ်း Title Deed တင်ပြနိုင်ရုံဖြင့် အပေါင်စာချုပ်ချုပ်ဆိုရန်မလိုဘဲ ငွေချေးယူနိုင်မှာဖြစ်တဲ့အတွက်ကြောင့် တံဆိပ်ခေါင်းခွန်ပေးဆောင်ရန် မလိုအပ်တော့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**(၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပွဲတွင် မြန်မာ့ရိုးရာအားကစားနည်းများ ထည့်သွင်းကျင်းပရန် အစီအစဉ် ရှိ၊ မရှိ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲကို ယခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းကျင်းပရန် အစီအစဉ် ရှိ၊ မရှိနှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ယခုနှစ် ပွင့်လင်းရာသီမှစ၍ ဆောင်ရွက်စေရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်တစ်ဦးအနေနဲ့ အားကစားဝန်ကြီးဌာနကို မေးခွန်းများမေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များမှာ ရေတိုစီမံကိန်းအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ မြန်မာ့အားကစားသမားများ အောင်နိုင်ရေးပင်ဖြစ်ပါသည်ဟု သိရှိရပါသည်။ (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံရဲ့ ဆုတံဆိပ်ရရှိမှုအနေအထားမှာ နိုင်ငံအလိုက်အဆင့် ၇ သာ ရရှိခဲ့ပါတယ်။ ယခုအခါ မိမိတို့နိုင်ငံမှာ ကျင်းပမယ့် အားကစားပြိုင်ပွဲများမှာ နိုင်ငံအလိုက် အဆင့် ၇ ထက်တိုးတက်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ မဖြစ်မနေကြိုးစားရမှာ ဖြစ်ပါတယ်။ အဆိုပါ (၂၇) ကြိမ် မြောက်အားကစားပြိုင်ပွဲအတွက် အားကစားနည်း ၃၂ မျိုးပါဝင်ယှဉ်ပြိုင်မည် ဟုလည်းသိရှိရပါတယ်။ ထူးချွန်သော၊ ထက်မြက်သော၊ စံချိန်မီသော အားကစားသမားများရရှိရေး အတွက်လည်း Champion Challenge Club ပြိုင်ပွဲများ ကျင်းပပြီးတော့ လူရွေးချယ်မှုများလည်း ပြုလုပ်နေကြောင်းသိရှိရပါတယ်။ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ အပါအဝင် တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအားလုံး အစွမ်းကုန်ကြိုးစား ဆောင်ရွက်နေကြောင်းလည်းသိရပါတယ်။ ဒါ့ကြောင့်မို့ ယခင် (၂၆) ကြိမ်မြောက် အားကစား ပြိုင်ပွဲထက် ဆုတံဆိပ်များပိုမိုရရှိကာ နိုင်ငံအလိုက် အဆင့် ၇ ထက် တိုးတက်ရရှိမည်မှာ သေချာ

တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် မြန်မာအားကစားသမားများ ဆုတံဆိပ်များရရှိစေရန်အတွက် အခြားနိုင်ငံများကဲ့သို့ မိမိတို့ရိုးရာအားကစားနည်းများကို ထည့်သွင်းကျင်းပပေးရန် ဆောင်ရွက်နိုင်ပါက ဆုတံဆိပ်များရရှိမှုမှာ ယခုထက်ပိုမိုလာ မည်ဟုယုံကြည်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံအိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာ့ရိုးရာအားကစားနည်းများ ထည့်သွင်းကျင်းပရန် အစီအစဉ်ရှိမရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အားကစားနည်းဖြစ်ကြောင်း သိရှိလိုပါ၍ လေးစားစွာ မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဝန်ကြီးဌာနရဲ့ နောက်စီမံကိန်းဖြစ်တဲ့ ရေရှည်စီမံကိန်းအနေနဲ့ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးပင်ဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနအနေဖြင့် မျိုးဆက်သစ်အားကစားသမားများရှာဖွေဖော်ထုတ်ရန်အတွက် မြို့နယ်အားကစား အရာရှိများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များ၊ မြို့နယ်အားကစားကော်မတီများနှင့် ပူးပေါင်းပြီးတော့ ရပ်ကွက်ပေါင်းစုံအားကစားပြိုင်ပွဲများ၊ ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲများကို ယခုနှစ် ပွင့်လင်းရာသီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ ဒါ့အပြင် ခရိုင်အဆင့် အားကစားပြိုင်ပွဲများဖြစ်တဲ့ မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများကိုလည်း ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲစသည်ဖြင့် တစ်မျိုးချင်းပြိုင်ပွဲမျိုးသာ မဟုတ်ဘဲ တိုးချဲ့ပြီးတော့ ဒီနေ့မြန်မာနိုင်ငံမှာ အားနည်းနေတဲ့ ပြေးခုန်ပစ်ပြိုင်ပွဲများအပါအဝင် အားကစားပြိုင်ပွဲများကို ယခုနှစ်ပွင့်လင်းရာသီမှာစပြီးတော့ ကျင်းပပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိလည်း သိလိုပါတယ်။ နောက်တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစား ပြိုင်ပွဲများကိုလည်း ယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်းလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်ကြူ(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်ရင်းကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း မေးမြန်းလာသည့် အားကစားဝန်ကြီးဌာနနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး

ကျွန်တော် ဦးအေးမြင့်ကြူက ပြန်လည်ရှင်းလင်းဖြေကြားပါမယ်ခင်ဗျား။ မေးခွန်းရှင် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီအဖွဲ့ဝင် ဦးအောင်ဆန်းနှင့် အားကစားစိတ်ဝင်စားသူများက မြန်မာ့အားကစားဖွံ့ဖြိုး တိုးတက်အောင်မြင်ရေးအတွက် ဆွေးနွေး၊ အကြံပေးခြင်းများကို ကျေးဇူးတင်ပါကြောင်းနှင့် ကြိုဆိုပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။ ဦးအောင်ဆန်း တွေ့ရှိဆွေးနွေးထားသည့်အတိုင်း မြန်မာ့အားကစားလက်ရွေးစင်များသည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၇ ခု နှင့် ကြေးတံဆိပ် ၃၉ ခု စုစုပေါင်း ဆုတံဆိပ်ပေါင်း ၈၁ ခုဖြင့် နိုင်ငံအလိုက်အဆင့် ၇ ရရှိခဲ့ပါတယ်။ ယင်း (၂၆) ကြိမ်မြောက်ပြိုင်ပွဲ၏ အစပိုင်းတွင် ပြိုင်ပွဲစတင်သည့် ၁၁-၁၁-၂၀၁၁ ရက်နေ့မှ ၁၅-၁၁-၂၀၁၁ နေ့အထိ ရွှေတံဆိပ်မရနိုင်သေးပဲ ၁၆-၁၁-၂၀၁၁ နေ့တွင်မှ မြန်မာ့မြားပစ်အားကစားမယ် အောင်ညိုမ်းက အမျိုးသမီးတစ်ဦးချင်း Compound မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်စတင်ရယူပေးနိုင်ခဲ့ပါတယ်။ ယင်းနောက်ပိုင်းတွင် နိုင်ငံတကာလှေပြိုင်ပွဲမှလည်းကောင်း၊ ရိုးရာလှေပြိုင်ပွဲများမှလည်းကောင်း၊ ဝူရှူးအားကစားနည်းမှလည်းကောင်း၊ ဂျူဒိုအားကစားမှလည်းကောင်း၊ ပိုက်ကျော်ခြင်း အမျိုးသမီး ၂ ယောက်တွဲမှလည်းကောင်း ရွှေတံဆိပ်နှင့် ငွေတံဆိပ်များရရှိကာလာအိုနိုင်ငံ၏ အထက်အဆင့် ၇ သို့ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ အားကစားအမျိုးအစား ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ၆ မျိုး၌သာ ရွှေတံဆိပ် ၁၆ ခုရရှိခဲ့ပြီး ၁၁ ဆုကို အမျိုးသမီးအားကစားမယ်များက ရယူပေးခဲ့ကြောင်းလည်း မှတ်တမ်းတင်ပါတယ်။ တည်ငြိမ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်ရသော မြားပစ်၊ ခွန်အားဖြင့် ယှဉ်ပြိုင်ရသော လှေလှော်ပြိုင်ပွဲ၊ ကျွမ်းကျင်မှုနှင့် ယှဉ်ပြိုင်ရသော ပိုက်ကျော်ခြင်း၊ ခွန်အားနှင့် ယှဉ်ပြိုင်ရသော ဂျူဒိုနှင့် ဝူရှူးတို့တွင် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ပြေးခုန်ပစ်နှင့် ရေကူးအားကစားနည်း၊ ဘောလုံး၊ ဘောလီဘော၊ စားပွဲတင်တင်းနစ် စသည်တို့တွင် ရွှေတံဆိပ်မရယူနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် (၂၇) ကြိမ်မြောက်ပြိုင်ပွဲတွင် ယခုထက် ပိုမိုအောင်မြင်မှုရယူရန် ပြင်ဆင်မှုများနှင့် ကြိုးပမ်းလျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ အားကစားနည်းများနှင့် ထပ်ဖြည့်ရိုးရာအားကစားနည်း စုစုပေါင်း ၃၂ မျိုးခန့် လက်ခံကျင်းပသွားဖွယ်ရှိကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဗျူဟာကျကျ တွက်ချက်စီမံလျက်ရှိပါတယ်။ အခြေခံအားဖြင့် ပါဝင်မည့်အားကစားမျိုးများမှာ အသင်းလိုက်ယှဉ်ပြိုင်ရသော ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ တင်းနစ်ကဲ့သို့သော လက်ဖြင့်ကစားရသော ပြိုင်ပွဲများ၊ ပြေးခုန်ပစ်၊

ရေကူး၊ အလေးမ၊ သေနတ်ပစ်၊ လှေလှော်၊ ကနူး၊ ကယက်၊ နိုင်ငံတကာလှေ၊ ရိုးရာလှေ၊ ရွက်လှေ၊ စက်ဘီး၊ မြင်းစီးကဲ့သို့သော စံချိန်နှင့် ပြိုင်ရသောပြိုင်ပွဲများ၊ ကာယအလှ၊ နပန်း၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ကရာတေးဒို၊ ဝူရှူး၊ ပန်ကြပ်ဆီလတ်၊ မွေ့၊ ဗိုဗီနမ်၊ ကွမ်းဘားစသော အမြင်ဖြင့် ကြည့်ရှုဆုံးဖြတ်ရသော ပြိုင်ပွဲများစသည်တို့ လျာထားပါတယ်။ အချို့သော အာဆီယံနိုင်ငံများက ၎င်းတို့ကျွမ်းကျင်ရာ ကျွမ်းကျင်ရာ အားကစားမျိုးများကိုလည်း ထည့်သွင်းကျင်းပပေးရန် တောင်းဆိုလျက်ရှိရာ မြန်မာနိုင်ငံ၌ဆိုင်ရာအားကစားနည်း၏ အားကစားအဖွဲ့ချုပ်မရှိသေးခြင်း၊ ပြိုင်ပွဲကျင်းပရန်ကွင်း၊ ရုံလုံလောက်မှုမရှိသေးခြင်း၊ အားကစားသမားနှင့် နည်းပြမရှိသေးခြင်းတို့ကြောင့်လည်း သူတို့တင်ပြချက်တွေကို ငြင်းဆိုခဲ့ပါတယ်။

ပြိုင်ပွဲများတွင် အိမ်ရှင်၏အားသာချက်သည် မျက်မြင်ဆုံးဖြတ်ရသော အတိုက် ဂျူဒို၊ တိုက်ကွမ်ဒို၊ ဝူရှူးစသည်ဖြင့် အတိုက်အားကစားနည်းမျိုးများသည် ပရိသတ်တစ်ခဲနက်အားပေးမှု အသာစီးရသော အားကစားမျိုးများပင် ဖြစ်ပါသည်။ ကျန်အားကစားတော်တော်များများမှာ အားကစားသမားတစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစွမ်းရည်ထက်မြက်၊ ကောင်းမွန်မှုသာ ရွှေတံဆိပ်ရရှိမည်ဖြစ်ပါသည်။ ရိုးရာအားကစားနည်းကို ထည့်မည်ဆိုပါက အိမ်ရှင်နှင့်ပြိုင်ပွဲဝင်နိုင်ငံအချို့တွင် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်ရှိရခြင်း၊ အားကစားနည်းဥပဒေနှင့် စည်းမျဉ်းရေးဆွဲပြီးရခြင်း၊ ဒိုင်၊ ဂျူရီ၊ နည်းပြလုံလောက်မှုရှိရခြင်း၊ ပြိုင်ပွဲဝင် ၅ နိုင်ငံက ထည့်သွင်းကျင်းပရန် သဘောတူပြီး ၄ နိုင်ငံပါဝင်ယှဉ်ပြိုင်နိုင်ရန် လိုအပ်ခြင်းတို့နှင့် ပြည့်စုံရပါတယ်။ မြန်မာ့ရိုးရာအားကစားနည်းဖြစ်သော သိုင်းနှင့် ခြင်းလုံးအားကစားနည်းများ ထည့်သွင်းကျင်းပနိုင်ရေးအတွက် ပြီးခဲ့သော ၁၄-၇-၂၀၁၂ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့သည့် SEAGF ခေါ် အရှေ့တောင်အာရှ အားကစားအဖွဲ့ဝင်နိုင်ငံများကောင်စီအစည်းအဝေး၌ စည်းရုံးဆွေးနွေးခဲ့ပါသည်။ လာမယ့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ထပ်မံစည်းဝေးဆုံးဖြတ်သည့်အခါ သိရှိနိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေရှည်စီမံချက်ဖြစ်သော မျိုးဆက်သစ်အားကစားသမားများ ရရှိနိုင်မှုကို ကျောင်းများမှရရှိနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်စီစဉ်ပေးလျက် ရှိပါတယ်။ ယခုပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနသည် ကျောင်းပေါင်းစုံဖိတ်ခေါ်ပြိုင်ပွဲများအဖြစ် ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ရေကူး၊ ပြေးခုန်ပစ်၊ ကာယဗလ၊ ကြက်တောင်ပြိုင်ပွဲများ ကျင်းပသွားမည်ဟု သိရပါတယ်။ တက္ကသိုလ်နှင့် ကောလိပ်များ၌ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများလည်း ကျင်းပမည်ဟု သိရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်

အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို အားကစားပြက္ခဒိန်နှင့်အညီ ကျင်းပပေးခဲ့သော်လည်း အရှိန်အဟုန်မြှင့် အားကစားကဏ္ဍအဖြစ်မရရှိသေးပဲ ရည်မှန်းချက်မပီပြင်သေးသော အပျော်တမ်းအားကစားပြိုင်ပွဲ အဆင့်ဖြင့်သာရှိနေသေးသည်ဟု သုံးသပ်ရရှိရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မိမိတို့ကိုယ်စားပြုရာ နယ်ပယ်အသီးသီးတွင် လူငယ်ထုအတွင်း အားကစားယှဉ်ပြိုင်လိုစိတ်ပြင်းပြပြီး ရည်မှန်းချက်နှင့် လေ့ကျင့်ကြိုးစားယှဉ်ပြိုင်ရန်၊ မိဘများကလည်း ပညာရေးနှင့် အားကစားကို ဟန်ချက်ညီအားပေးရန် စည်းရုံးတိုက်တွန်းပေးပါမည့် အကြောင်းလည်း မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ဆန်း၏ ကြယ်ပွင့်ပြမေးခွန်းများကို ဖြေကြားမှု၏ နောက်ဆုံးအဖြစ်တင်ပြလိုသည်မှာ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရှေ့တောင်အာရှတွင် အောင်မြင်မှုနေရာ ပြန်လည်ရရှိရေး၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲအထိ တက်လှမ်းနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနက လက်ငင်းစီမံချက်၊ ကာလတို စီမံချက်၊ ရေရှည်မျှော်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ လူငယ်လူရွယ် အားကစားဝါသနာရှင်များသည်အများနှင့် ပူးပေါင်းယှဉ်ပြိုင်ရသော အမြင်၌ ရင်းနှီးကျွမ်းဝင်နေသော ဘောလုံးအားကစားအပြင် ကိုယ်တိုင်၏ စွမ်းရည်အစစ်အမှန်ပြသနိုင်သော တစ်ဦးချင်းယှဉ်ပြိုင်အားကစားနည်းမျိုးများတွင် ကိုယ်ရောစိတ်ပါ တက်ကြွသောမာန်ဖြင့် လေ့ကျင့်ကြိုးစားကစားကြကာ မြန်မာ့ဂုဏ်မြှင့်တင်နိုင်ရေးစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်လာစေရန် ဝိုင်းဝန်းစည်းရုံးတိုက်တွန်းပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ မကြာခင်က ဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊အလုပ်ရုံတချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွားရသောလက်ငင်းအကြောင်းအရင်းနှင့် အရင်းခံအကြောင်းအရင်းများကိုလေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုမထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညိုလေးစားပြီးယုံကြည်လောက်သောပုဂ္ဂိုလ်များ ပါဝင်သည့် အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးဆဋ္ဌမနေ့မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းထားတဲ့ မကြာခင်ကဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံတချို့အပါအဝင် အလုပ်သမားများ၏လုပ်ငန်းခွင်ဆိုင်ရာဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွားရသောလက်ငင်းအကြောင်းအရင်းနှင့် အရင်းခံအကြောင်းအရင်းများကိုလေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲအဖြေရှာနိုင်ရန်အတွက် အများကြည်ညိုလေးစားပြီးယုံကြည်လောက်သော ပုဂ္ဂိုလ်များပါဝင်သည့် အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦးကအမည်စာရင်း တင်သွင်းထားပါတယ်။ ဦးစွာ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်သိန်း(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း မေတ္တာပို့သရင်းနှုတ်ခွန်းဆက်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်သိန်းဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးသွားမှာကတော့ သယ်န်းကျွန်းမဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်အဆိုတင်သွင်းထားခဲ့တဲ့ မကြာခင်ကဖြစ်ပေါ်ခဲ့သော

ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံတချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွားရသောလက်ငင်းအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်း များကိုလေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများ ကြည်ညိုလေးစားပြီး ယုံကြည်လောက်သော ပုဂ္ဂိုလ်များပါဝင်သည့် အလုပ်သမားဆန္ဒဖော်ထုတ် မှုများနှင့်ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းဆိုတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုင်းမှာကြည့်လို့ရှိရင် အလုပ်သမားဆန္ဒဖော်ထုတ်မှုရဲ့အခြေခံ အကြောင်းတရားကို ပထမလေ့လာဖို့လိုမယ်ထင်ပါတယ်။ အလုပ်သမားများ၏ ဆန္ဒဖော်ထုတ်မှု အခြေခံအကြောင်းတရားဖြစ်လာတာဟာ ပထမပိုင်းအနေနဲ့ အလုပ်ရှင်များက သူတို့ရဲ့တာဝန်ပိုင်းနဲ့ ပတ်သက်လို့ တိတိကျကျထုတ်ပြန်ကြေညာမှုအားနည်းတာရယ်၊ သက်ဆိုင်ရာအလုပ်သမားဝန်ကြီး ဌာနရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားနည်းတာရယ် ဒီနှစ်ပိုင်း ကျွန်တော်တွေ့ပါတယ်။ အလုပ်ရှင် များရဲ့ အပိုင်းအနေနဲ့က အလုပ်သမားတွေ ခန့်ထားတဲ့နေရာမှာအလုပ်ရှင်၊ အလုပ်သမားအလုပ်ခန့် တဲ့အတွက် ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးရပါတယ်။ အဲ့ဒီလက်မှတ်ရေးထိုးတဲ့အခါမှာ ခန့်ထားတဲ့ ရာထူးနဲ့ သူ့ရဲ့တာဝန်၊ သူ့ရဲ့ခံစားခွင့်စတာတွေ အသီးသီးပါရပါတယ်။ ဥပမာအားဖြင့်ပြောရရင် ကျွန်တော် BOC ကုမ္ပဏီမှာ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အခါက BOC ကုမ္ပဏီမှ အလုပ်သမားအရာရှိက အစိုးရအလုပ်သမားဝန်ကြီးဌာနနှင့် သဘောတူညီထားတဲ့ အလုပ်ခွင် စည်းကမ်းချက်တွေ၊ တာဝန်ပိုင်းတွေနှင့်ပတ်သက်လို့ ရှင်းလင်းပြောပြပြီးမှ အဲ့ဒီအလုပ်ခန့်အပ်လွှာမှာ အားလုံးပြည့်ပြည့်စုံစုံဖော်ပြပါရှိပြီး ကျွန်တော့်ကို လက်မှတ်ရေးထိုးခိုင်းပါတယ်။ အဲ့ဒီမှာ ကျွန်တော် သဘောတူလက်မှတ်ရေးထိုးပြီးမှ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရပါတယ်။ လုပ်ငန်းတာဝန် ထမ်းဆောင်တဲ့အခါမှာလည်း အဲ့ဒီကာလတုန်းက အလုပ်သမားဝန်ကြီးဌာန ကနေပြီးတော့ Fundamental Rules တို့၊ Civil Service Regulation Act တို့နောက်ပြီးတော့ Leave and Holiday Act တို့၊ Burma Leave Rules တို့စတဲ့ စည်းကမ်းဥပဒေတွေအတိုင်း၊ နည်းဥပဒေ တွေအတိုင်း အတိအကျလိုက်နာကျင့်သုံးပါတယ်။ အဲ့ဒီ အခါကာလကတော့ အလုပ်သမားသမဂ္ဂတွေ လည်းရှိတဲ့အတွက် အလုပ်သမားသမဂ္ဂများက အလုပ်သမားထုရဲ့နစ်နာမှုရှိလာရင် ခုနကပြောတဲ့ Fundamental Rules တို့၊ Civil Service Regulation Act တို့ စတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့ တင်ပြပြီးတော့ ကာကွယ်တောင်းဆိုလို့ အလုပ်သမားပြဿနာဟာကြီးထွားမလာဘဲနဲ့ ကြီးတဲ့အမှု

ငယ်စေ၊ ငယ်တဲ့အမှုပပျောက်စေဆိုတဲ့ အသွင်မျိုးနဲ့အဆင်ပြေသွားတာတွေ့ရပါတယ်။ ဒါ ကျွန်တော် ၁၉၇၄ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်မှာလည်း ၁၉၇၄ ခုနှစ်မှာ အလုပ်သမားကောင်စီအဆင့်ဆင့်ကို ခေါ်ပြီးတဲ့အခါမှာ အလုပ်သမားကောင်စီအဆင့်ဆင့်ကနေပြီးတော့ အဲ့ဒီတုန်းကတော့ ဌာနဆိုင်ရာအကြီးအကဲတွေပေါ့ခင်ဗျာ။ အလုပ်ရှင်၊ အလုပ်သမားဝါဏိဇ္ဇ ပဋိပက္ခဥပဒေအရ ချုပ်ဆိုထားတဲ့အလုပ်ခွင်စည်းကမ်းစာအုပ်တွေကို ဝန်ထမ်းတွေကို ဖြန့်ဝေပေးထားပါတယ်။ အဲ့ဒီအရ အလုပ်သမားကောင်စီဝင် အခြေခံအလုပ်သမား၊ မြို့နယ်အလုပ်သမားကောင်စီ၊ ဗဟိုအလုပ်သမားကောင်စီအဆင့်ဆင့်ရှိရာမှာ အခြေခံအလုပ်သမားကောင်စီက အလုပ်သမားကောင်စီဝင်များကလည်းပဲ ဒီအလုပ်သမားတွေရဲ့ ရပိုင်ခွင့်တာဝန်ပိုင်းနှင့်ပတ်သက်လို့ စည်းကမ်းအရအရေးယူတာ၊ ရာထူးခန့်ထားတာ၊ ရာထူးတိုးမြှင့်ပေးတာစတဲ့ ကိစ္စရပ်အသီးသီးမှာ ဒီဝါဏိဇ္ဇပဋိပက္ခဥပဒေအရ ချုပ်ဆိုထားတဲ့ အလုပ်ခွင် စည်းမျဥ်းစည်းကမ်းတွေနှင့်အညီ အပြန်အလှန်ဆွေးနွေးပြီးတော့ ဆောင်ရွက်နိုင်တဲ့အတွက် အဲ့ဒီခေတ် အဲ့ဒီအခါကလည်းပဲ အလုပ်သမားပြဿနာဟာ ကျွန်တော်စောစောက အစီရင်ခံခဲ့သလို ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှုပပျောက်စေဆိုတဲ့ အနေအထားမျိုးနဲ့အဆင်ပြေခဲ့တာများပါတယ်။ အခုဒီဘက်မှာတော့ဖြင့်ရင် ကျွန်တော်တို့ ဒီမှာ ဦးသိန်းညွန့်တင်တာကတော့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတချို့ဆိုပြီးတော့ ကျွန်တော် ဒီနေရာမှာကျယ်ကျယ်ပြန့်ပြန့်တင်ချင်တာက စက်ရုံ၊အလုပ်ရုံတွေဟာ ပြည်တွင်းကတိုင်းရင်းသားများပိုင်တဲ့ စက်ရုံ၊အလုပ်ရုံရှိသလို ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံတဲ့ စက်ရုံ၊ အလုပ်ရုံတွေလည်းရှိပါတယ်။ အဲ့တော့ အဲ့ဒီစက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ကြတဲ့ဝန်ထမ်းများရဲ့အနေအထားအရ ဒီဝန်ထမ်းတွေဟာ မိမိတို့တာဝန်ထမ်းဆောင်ရတဲ့ စက်ရုံအလုပ်ရုံနှင့်ပတ်သက်လို့ အလုပ်သမားဝန်ကြီးဌာနက ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့ အလုပ်သမားများရဲ့အခြေခံ ရပိုင်ခွင့်နှင့် တာဝန်၊ အနိမ့်ဆုံး လစာခံစားခွင့်စတဲ့ ကိစ္စရပ်အဝဝပါခံစားပိုင်ခွင့် ရှိအောင် ဒီအလုပ်သမားများအားလုံးလည်း သိနားလည်အောင် လုပ်ငန်းခွင်တွေထဲမှာ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ နောက်တစ်ခါ ဦးသိန်းညွန့် ဆွေးနွေးတဲ့အထဲမှာပါတာက ဒီအလုပ်သမားတွေဟာ ထမင်းစားချိန်၊ အိမ်သာတက်ချိန်တောင်လုံလုံလောက်လောက်မရဘူး။ အိမ်သာတက်တာတောင် တစ်ချိန်ပဲတက်ခွင့်ပြုတယ်ဆိုတဲ့ အနေအထားကတော့ ဒါက ကျွန်တော်တို့ အလုပ်သမားများခံစားရတဲ့ ခံစားခွင့်၊ ခံစားရရှိတဲ့ စံချိန်စံညွှန်းဘောင်ကိုကျော်လွန်ပြီးတော့ အခြေခံလူ့အခွင့်အရေးကိုပဲ ချိုးဖောက်မှုကိုကိစ္စတစ်ရပ်လို ဖြစ်နေပါတယ်။ အဲ့တော့ အဲ့ဒါမျိုးတွေမဖြစ်အောင် ကျွန်တော်တို့က လုပ်ငန်းပိုင်ရှင်တွေအနေနဲ့

လုပ်ငန်းခွင်တွေထဲမှာ Social Welfare အလုပ်သမားများ သက်သာချောင်ချိစွာနေထိုင်ရေးအတွက် အိမ်သာတွေစီစဉ်ပေးရပါမယ်။ အလုပ်သမားများ နေရမယ့်အဆောင် တန်းလျားသဘောမျိုး အဆောက်အဦသဘောမျိုး အလုပ်သမားတွေနေဖို့ရှိရပါမယ်။ အဲ့ဒီအဆောက်အဦတွေကလည်း ဦးသိန်းညွန့်ဆွေးနွေးတဲ့အထဲမှာပါပါတယ်။ ကျန်းမာရေးနဲ့မညီမညွတ်ဘဲနဲ့ ညစ်ပေနေတဲ့အနေအထား မျိုးတွေရှိတယ်ဆိုတဲ့ဟာလည်း အလုပ်သမားဝန်ကြီးဌာနရဲ့ အလုပ်ရုံ၊ စက်ရုံစစ်ဆေးရေးအရာရှိကနေ လိုအပ်သလိုအခါအားလျော်စွာ သွားရောက်စစ်ဆေး အရေးယူဆောင်ရွက်ပေးသင့်တဲ့ ကိစ္စတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ အဲ့တော့ အဲ့ဒီအပိုင်းတွေမှာသာ လုပ်ထားမယ်။ နောက်တစ်ခါ အလုပ်သမား တွေရဲ့အလုပ်ခွင်နှင့်ပတ်သက်လို့ အလုပ်ချိန်တိတိကျကျရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ အခု လက်ရှိတွေ့နေတာက လုပ်ငန်းခွင်တွေမှာ စက်ရုံအလုပ်ရုံတွေသာမက နိုင်ငံပိုင်လုပ်ငန်းတွေတောင်မှပဲ အလုပ်ချိန်ဟာ တိတိကျကျမရှိတဲ့သဘောဖြစ်နေပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာ့ရေနံကော်ပို ရေးရှင်းမှာ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့စဉ်အခါက စက်ရုံ၊ အလုပ်ရုံအလုပ်သမားတွေ တစ်နေ့ကို ၈ နာရီနဲ့ ၃ ဆိုင်းလုပ်ရပါတယ်။ ယနေ့ ကျွန်တော်တွေ့နေတာကတော့ သခင်ဖိုးလကြီးနယ်မြေဖြစ်တဲ့ ချောက်၊ ရေနံချောင်းဒေသတွေမှာတောင် စက်ရုံ၊ အလုပ်ရုံတွေမှာ တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်းတွေ မှာတောင် တစ်နေ့ကို ၁၂ နာရီ တာဝန်ထမ်းဆောင်နေရပါတယ်။ ၃ ဆိုင်းကို ၁ ဆိုင်းဖျောက်ထား တယ်။ ဖျောက်ထားတဲ့ ၁ ဆိုင်းအတွက်လည်း အချိန်ပိုလုပ်ခလစာသော်လည်းကောင်း သို့တည်း မဟုတ် လုပ်ခလစာမခံစားရင် အဲ့ဒီလုပ်တဲ့ အချိန်ပိုလုပ်တဲ့ နာရီအတွက် ရက်စားနားခွင့် (Day Off) သော်လည်းကောင်း ခံစားခွင့် တစ်စုံတစ်ရာမရရှိကြပါဘူး။ ကျွန်တော်တို့ ILO ရဲ့စံနှုန်းနဲ့ပြောရင် Force Labour အဓမ္မလုပ်အားပေးစေခိုင်းမှုသဏ္ဍာန်သက်ရောက်နေပါတယ်။ ဒီအဖြစ်မျိုးတွေလည်း ကင်းစေချင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ပုဂ္ဂလိကအလုပ်ရုံ၊စက်ရုံတွေမှာလည်း ထိုနည်းတူစွာ ဝန်ထမ်းတွေကို တာဝန်ပေးထမ်းဆောင်စေတဲ့အခါမှာ သူတို့ရဲ့အလုပ်ချိန်ကို အလုပ်သမားဝန်ကြီး ဌာနနှင့် ILO က သတ်မှတ်တဲ့စံချိန်စံညွှန်းနဲ့ညီတဲ့ အလုပ်ခွင်အချိန်တွေဖြစ်ဖို့လိုပါတယ်။ ကျွန်တော် ဒီနေရာမှာ တင်ပြလိုတာက Factory Act လို့ခေါ်တဲ့ စက်ရုံ၊အလုပ်ရုံ ဥပဒေမှာဆိုလို့ရှိရင် စက်ရုံ၊ အလုပ်ရုံမှာ လုပ်တဲ့ဝန်ထမ်းတွေဟာ တစ်နေ့ကိုအလုပ်ချိန် ၈ နာရီ လုပ်ကြရပါတယ်။ ရုံးအဖွဲ့အစည်း တွေမှာ တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်း သူ့ကျတော့ Short and Aserbasement Act ဥပဒေ အရတစ်နေ့ကို ၆ နာရီထမ်းဆောင်ရပါတယ်။ အဲ့ဒီသတ်မှတ်ချက်တွေနှင့်အညီ ခိုင်းစေထားပြီးတော့ ၈ နာရီထက်ပိုခိုင်းမယ်ဆိုရင် ပိုပြီးလုပ်ရတဲ့ဟာကို တရားဝင်သတ်မှတ်ပြီးတော့ အဲ့ဒီအတွက် အချိန်ပို

လုပ်ခလစာငွေ အပြည့်အဝရဖို့လိုပါတယ်။ အဲ့တော့ ဒီနေရာမှာ စက်ရုံ၊ အလုပ်ရုံများအချို့ရဲ့ဖြစ်လာတဲ့ ပြဿနာက ဘာလဲဆိုတော့ ILO ကသတ်မှတ်တဲ့စံနှုန်းနှင့်ညီတဲ့ အနိမ့်ဆုံးလုပ်ခလစာဥပဒေနဲ့မညီဘဲနဲ့ ပေးထားတဲ့ လစာသည် မိသားစုစားဝတ်နေရေးအတွက်မပြောနဲ့ အလုပ်တက်အလုပ်ဆင်း ဖယ်ရီ လည်းဖန်တီးပေးထားတာ တချို့တော့ရှိတယ်။ တချို့လည်း များသောအားဖြင့်မရှိတော့ပါဘူး။ အလုပ်တက် အလုပ်ဆင်းစရိတ်နဲ့တင် ကုန်မလောက်နီးပါးဖြစ်နေတော့ ဝန်ထမ်းမိသားစုဟာ လုပ်ငန်း ချိန်မှာလည်း အလုပ်ချိန်နာရီ အတိအကျသတ်မှတ်ပေးထားတာမရှိတော့ အချိန်ပိုလုပ်ရတယ်။ ခံစား ခွင့်လည်းမရဘူး။ အလုပ်ကဒဏ်ပိတယ်။ တစ်ခါစီးပွားရေးအရ ရနေတဲ့အနိမ့်ဆုံးလစာသည် သူတို့ရဲ့ ခံစားခွင့်ကို မကာမိတဲ့အတွက် မကျေနပ်မှုတွေရှိလာတယ်။ အဲ့ဒါကို ဖြေရှင်းတာမှာ စနစ်တကျ ဖြေရှင်းဖို့အပိုင်းလိုအပ်လာလို့ ဒီအပိုင်းနှင့်ပတ်သက်လို့ ကျွန်တော် အကြံပြုချင်တာကတော့ ကျွန်တော်တို့ ဒီစက်ရုံ၊ အလုပ်ရုံများသာလျှင်မက မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ နိုင်ငံပိုင်လုပ်ငန်း တွေမှာရှိတဲ့ကဏ္ဍတွေမှာပင်လျှင် အဲ့ဒီ ခုနပြောတဲ့ အလုပ်သမားပိုင်ဆိုင်ရာဥပဒေတွေ တိတိကျကျ ပြဋ္ဌာန်းလိုက်နာစေဖို့ ဆောင်ရွက်ပေးဖို့လိုပါတယ်။ အဲ့ဒီတော့ ကျွန်တော်ပြောချင်တာကတော့ ဒီကိစ္စ အားလုံး နိုင်ငံပိုင်လုပ်ငန်းတွေမှာပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံတွေမှာပဲဖြစ်ဖြစ်၊ ဆန္ဒဖော်ထုတ်မှု ပြဿနာနည်းပါးလာအောင် (က) အနည်းဆုံးလုပ်ခလစာကို အပြည်ပြည်ဆိုင်ရာ ILO အဖွဲ့အစည်းရဲ့ သတ်မှတ်ချက်နှင့် ကိုက်ညီအောင်သတ်မှတ်ပေးဖို့၊ နောက် (ခ) ပြဿနာဖြစ်လာတဲ့အခါ အလုပ်သမား ဝန်ကြီးဌာနက ပါဝင်ကြီးကြပ်ဖြေရှင်းပေးဖို့၊ ဘာလို့တုန်းဆိုတော့ လတ်တလောဖြစ်နေတဲ့ပြဿနာ တွေမှာ အလုပ်သမားဝန်ကြီးဌာနက ဝင်ရောက်ကြီးကြပ်ဖြေရှင်းပေးသော်ငြားလည်းပဲ အဲ့ဒီဝင်ရောက် ဖြေရှင်းပေးတဲ့နေရာမှာ မှန်မှန်ကန်ကန်ဖြေရှင်းမှု အားနည်းတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လတ်တလောကိုပဲ သတင်းစာတွေထဲမှာဖတ်ရတာ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခွင့် နိုင်ငံတော်ကတရားဝင်ခွင့်ပြုထားလို့ အလုပ်သမားအဖွဲ့အစည်းတွေ ဖွဲ့စည်းနေသော် ငြားလည်း အဲ့ဒီ အလုပ်သမားအဖွဲ့အစည်းကိစ္စအတွက် ဦးဆောင်ဦးရွက်ပြုတဲ့ ပုဂ္ဂိုလ်တွေကို အလုပ်ရှင်တွေက လုပ်ငန်းခွင်တွေကနေ ထုတ်ပယ်ခြင်းခံနေရတယ်ဆိုတဲ့ အဖြစ်အပျက်တွေ နေ့စဉ် ထုတ်သတင်းစာမှာဖတ်ရပါတယ်။ ဒါတော့ ဒါမျိုးတွေဟာ အလုပ်သမားရဲ့ ဘဝရပ်တည်မှု၊ ဘဝလုံခြုံမှု အာမခံချက် မနေ့ကတုန်းက ကိုယ်စားလှယ်တော်ကြီးတစ်ယောက် ဆွေးနွေးသလိုပဲ ကျွန်တော်တို့ ပြည်ပမှာသွားရောက်လုပ်ကိုင်နေတဲ့ Migration Workers တွေအတွက် ဘဝအာမခံချက်၊ လုံခြုံမှု အပြည့်အဝရဖို့စဉ်းစားသလို အဲ့သလိုလေးနက်တဲ့ စိတ်စေတနာကောင်းနဲ့ထားသလိုပဲ ကျွန်တော်တို့

ပြည်တွင်း မှာရှိနေတဲ့ နိုင်ငံပိုင်စက်ရုံ၊အလုပ်ရုံတွေမှာ လုပ်နေတဲ့အလုပ်သမားတွေ အတွက်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိက စက်ရုံတွေမှာလုပ်နေတဲ့ အလုပ်သမားတွေအတွက်ပဲဖြစ်ဖြစ်၊ ဘ၀အာမခံချက် လုံခြုံမှုရှိရန် အတွက် စေတနာအပြည့်အ၀နဲ့ ထပ်ဆင့်ပြီးတော့များ ဆောင်းလိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ တိုင်းပြည်မှာရှိနေတဲ့ ၀န်ထမ်းများရဲ့ဘ၀ ကျွန်တော်တို့ Social Welfare ပေါ့။ သက်သာချောင်ချိမှု ရှိလာပြီးတော့ လုပ်ငန်းခွင်မှာ တက်တက်ကြွကြွစွမ်းဆောင်နိုင်တဲ့အတွက် ထုတ်လုပ်မှုစွမ်းအင်တွေ လည်းတက်လာမယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာတွေလည်း ရနိုင်စေမယ်လို့ယူဆလို့ တင်ပြတာဖြစ်ပါတယ်။ အဲ့တော့ အဲ့ဒီမှာ ဆောင်ရွက်တဲ့နေရာမှာ ခုနက လုပ်ခလစာဥပဒေရှိရမယ်။ ခုနပြောတဲ့ စက်ရုံ၊ အလုပ်ရုံဥပဒေ (Factory Act) တွေကိုကိုးကားပေးရမယ်။ Leave and Holiday Act အလုပ်သမားတွေ အလုပ်ခွင်မှာ ခွင့်ယူခွင့်ရှိတဲ့အခါ အလုပ်ခွင်ဥပဒေထဲမှာအကျုံး၀င်တဲ့ Casual Leave, Medical Leave တို့စသည်အားဖြင့် နေမကောင်းလို့ မကျန်းမမာဆေးကုသခွင့်အဆင့်အထိ ကျွန်တော်တို့ တာ၀န်ယူနိုင်ဖို့ အဲ့ဒီအခွင့်အရေးတွေပေးနိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့ နာမကျန်း ဖြစ်တဲ့အခါ ဆေး၀ါးကုသတဲ့အခါ အရင်တုန်းက ကျွန်တော်တို့ BOC ကုမ္ပဏီမှာတုန်းကတော့ဖြင့် ကုမ္ပဏီပိုင်ဆေးရုံတောင်ထောင်ထားပါတယ်။ သို့သော် အခုအခါမှာတော့ ခေတ်နှင့်ညီအောင် အဲ့ဒီလောက်အကုန်အကျခံနိုင်ရင်တော့ အကောင်းဆုံးပေါ့ခင်ဗျား။ သက်ဆိုင်ရာ စက်ရုံ၊အလုပ်ရုံ တွေမှာ ဆေးပေးခန်းတွေ၊ ဆေးခန်းတွေရှိနေမယ်ဆိုရင် ဒီအလုပ်သမားတွေ သာမန်အပရိက နာမကျန်းဖြစ်တဲ့ကိစ္စလေးတွေဟာ အချိန်ကို သက်သက်သာသာနဲ့ ဆေး၀ါးကုသခွင့်လည်းရမယ်။ နောက်တစ်ချက်က လုပ်ငန်းခွင်မှာ တာ၀န်ထမ်းဆောင်ရင်း ထိခိုက်အနာတရဖြစ်ခဲ့ရင် အဲ့ဒီထိခိုက် အနာတရဖြစ်တဲ့ အသေးအမွှားကိစ္စလေးတွေဆိုရင် ခုနပြောတဲ့ဆေးခန်းတွေမှာ ဆေးရုံတွေမှာ ဆေးကုသခွင့်ရမယ်။ ဒါ့ထက်ကြီးမားတဲ့ပြဿနာဖြစ်လာရင်တော့ နိုင်ငံတော်ကိုတင်ပြ နိုင်ငံတော်က အသိအမှတ်ပြုတဲ့ ဆေးရုံကြီးတွေမှာတင်ရမယ်။ အဲ့ဒီမှာ Conversation Act လုပ်ငန်းခွင်မှာတာ၀န် ထမ်းဆောင်ရင်း ထိခိုက်အနာတရဖြစ်လို့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးသွားတာတွေ မသန်မစွမ်းဖြစ်သွားတဲ့ အခြေအနေမျိုးတွေအထိ များရောက်ခဲ့မယ်ဆိုရင် ခုက Conversation Act ဆိုတဲ့လျော်ကြေး ဥပဒေနဲ့ပြဋ္ဌာန်းပြီးတော့ စီမံဆောင်ရွက်ပေးမယ်။ အကာအကွယ်ပေးမယ်။ နောက် ၀န်ထမ်းသက်သာချောင်ချိရေးအတွက် Social Welfare တွေ ဆောင်ရွက်ပေးမယ်ဆိုရင် အဆင်ပြေ လာနိုင်စရာအကြောင်းရှိပါတယ်။ နောက် (ဂ) အလုပ်သမား၀န်ကြီးဌာနက ကြီးကြပ်ပြီးတော့ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်စလုံး လိုက်နာကြရမယ့် လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းတွေကို

ဝါဏိဇ္ဇပဋိပက္ခဥပဒေအရ ညှိနှိုင်းရေးဆွဲပြဋ္ဌာန်းပေးရပါမယ်။ အဲ့လိုလုပ်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိပြည်တွင်းကလုပ်နေတဲ့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီလေးတွေအပြင် တကယ်လို့ ကျွန်တော်တို့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်လို့ လာကြမယ့် နိုင်ငံခြားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံတဲ့အခါမှာ ဒီလိုလုပ်ငန်းခွင်အတွင်းမှာ လိုအပ်တဲ့ဥပဒေတွေနှင့် ဝါဏိဇ္ဇပဋိပက္ခဥပဒေ အရထုတ်ပြန်ထားတဲ့ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေ အတိအကျရှိမယ်။ ILO က သတ်မှတ်တဲ့ စံချိန်စံညွှန်းတွေနဲ့ညီတဲ့ ပြဋ္ဌာန်းချက်တွေရှိနေမယ်ဆိုရင် ကျွန်တော်တို့ ပြည်ပကလာရောက်ရင်းနှီး မြှုပ်နှံချင်တဲ့ ကုမ္ပဏီကြီးတွေအနေနဲ့လည်း လွယ်လွယ်ကူကူချောချော မောမောလာနိုင်ကြတဲ့ စိတ်ပေါ် လာလိမ့်မယ်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်။ နောက်တစ်ပိုင်းက ပြည်တွင်းမှာရှိနေတဲ့ လုပ်ငန်းရှင် များအနေနဲ့လည်းပဲ အလုပ်သမားပဋိပက္ခပြဿနာနည်းပါးသွားစေမယ်။ စိတ်ချမ်းသာကိုယ်ချမ်းသာ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဝပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်ငန်းခွင်မှာနေနိုင်ကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်ဒီနေရာမှာတစ်ဆက်တည်း ပြောချင်တာက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Child Labour Act ပေါ့။ ကလေးအလုပ်သမားကိစ္စလည်း ဒီလွှတ်တော်ကနေပြီးတော့ အကျယ်တဝင့်စဉ်းစားစေချင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လက်ရှိစီးပွားရေးအခြေအနေရ မိသားစုတွေမှာ သားသမီးတွေကို ပညာရေးအတွက် ကျောင်းပို့နိုင်တဲ့အနေအထားနည်းပါးလာကြတဲ့ နေရာတွေမှာ ကိုယ့်သားသမီးကို မရှိသော်လည်း စားတော်ကဲဆိုတဲ့စကားပုံအရ သားသမီးလေးတွေကို ကိုယ့်အိမ်မိသားစု စားဝတ်နေရေးပြေလည်ရာ ပြေလည်ကြောင်းအတွက် လက်ဖက်ရည်ဆိုင်တွေမှာ ဖြစ်စေ၊ စားသောက်ဆိုင်တွေမှာဖြစ်စေ၊ ကုန်စုံဆိုင်တွေမှာဖြစ်စေ၊ တာဝန်ထမ်းဆောင်အလုပ်ခိုင်း နေကြတာလေးတွေ တော်တော်စိတ်မချမ်းသာဖွယ်ရာတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကလေး တွေဟာ နောင်ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးမှာသာ သေသေချာချာသင်ကြားနာယူ နိုင်ခဲ့ရင် ဒီကလေးတွေဟာ အနာဂတ်ရဲ့ သားကောင်းရတနာလေး၊ တိုင်းပြည်ရဲ့ခေါင်းဆောင် ကောင်းတွေ ပေါ်ထွက်လာနိုင်ကောင်းလာနိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံတော်ရဲ့ အနာဂတ်အရေးအတွက်လည်းပဲ ဒီကိစ္စကို လေးလေးနက်နက်စဉ်းစားပေးဖို့ ကျွန်တော်တင်ပြပါတယ်။ အဲ့တော့ လောလောဆယ်အနေနဲ့ အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်တဲ့ကိစ္စမှာ စုံစမ်းရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းဖို့အပိုင်းကို ဆက်လက်အကြံပြုရမယ်ဆိုရင် (က) အလုပ်သမားဝန်ကြီး ဌာနက ဒုတိယညွှန်ကြားရေးမှူး အဆင့်ပုဂ္ဂိုလ်အနည်းဆုံးပါဖို့လိုအပ်ပါတယ်။ (ခ) အလုပ်သမား ဝန်ကြီးဌာနရဲ့ တိုင်းဦးစီးမှူးလိုပုဂ္ဂိုလ်မျိုးပါဖို့လိုအပ်ပါတယ်။ (ဂ) နိုင်ငံရေးပါတီအသီးသီးဆိုလိုတာက

ဒီနေ့ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်စနစ်ကျင့်သုံးနေတဲ့အတွက် ကျွန်တော်တို့ပါတီတွေကလည်းပဲ ပါတီစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲကင်းကင်းနဲ့လုပ်နေကြပြီဖြစ်တော့ နိုင်ငံရေးပါတီအသီးသီးက ဥပဒေပညာရှင်တွေ ပါတီတစ်ခုကို တစ်ဦးကျစီပါဝင်ဖို့အကြံပြုပါတယ်။ (ဃ) ယခု အလုပ်သမား အဖွဲ့အစည်းတွေ ဖွဲ့စည်းနေပြီဖြစ်တဲ့အတွက် အလုပ်သမားအဖွဲ့အစည်းအသီးသီးက သက်ဆိုင်ရာ ခေါင်းဆောင်တွေ (င) ရှေ့နေများ ကွန်ရက်တွေ ဖွဲ့စည်းထားတာရှိပါတယ်။ အဲ့ဒီ ရှေ့နေများ ကွန်ရက်က အလုပ်သမားအရေးကိစ္စမှာ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြတဲ့ရှေ့နေများ၊ (စ) အလုပ်သမားဆန္ဒဖော်ထုတ်မှုတွေမှာ ကြားဝင်ဖြေရှင်းပေးနေကြတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှ NGO အဖွဲ့အစည်းလေးတွေရှိပါတယ်။ အဲ့ဒီ NGO အဖွဲ့အစည်းလေးတွေ ဒီကနေ့ဖြစ်နေတဲ့ဆန္ဒ ဖော်ထုတ်မှုပြဿနာတွေမှာ ကြားဝင်ဖြေရှင်းနေကြတာရှိပါတယ်။ အဲ့ဒီကပုဂ္ဂိုလ်တွေလည်း အချိုးကျ ပါဝင်ဖို့ (ဆ) ပြည်သူ့လွှတ်တော် ဥပဒေရေးရာကော်မတီကနေပြီးတော့ သင့်တော်သည့်ဦးရေပါဝင်ပြီး ဖွဲ့စည်းစေချင်ပါတယ်။ အဲ့ဒီလိုပါဝင်တဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်လိုက်မယ်ဆိုရင်တော့ အဆင်ပြေနိုင်ဖွယ်ရာရှိပါတယ်လို့ ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သာဓကအနေနဲ့ ကျွန်တော်တင်ပြရရင် ၁၉၇၄ ခုနှစ် အလုပ်သမားဆန္ဒပြမှု၊ အလုပ်သမားအရေးအခင်းတွေပေါ်တဲ့အခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရကနေပြီးတော့ ဦးတင်အောင်ဟိန်း၊ ဦးအေးမောင်တို့ ဦးဆောင်တဲ့ စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ အဲ့ဒီ စုံစမ်းရေးကော်မရှင်ရဲ့ လေ့လာတွေ့ ရှိချက်တွေကို လွှတ်တော်ကိုတင်ပြဆောင်ရွက်ခဲ့ဖူးတဲ့ သာဓကရှိတဲ့အတွက်ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီကိစ္စမှာကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုရင် ခုန ကျွန်တော်တင်ပြသလို ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတချို့သာမကဘဲနဲ့ နိုင်ငံတော်တစ်ဝန်းလုံးမှာရှိနေတဲ့ အစိုးရဌာနအသီးသီးက အလုပ်သမားတွေအတွက်ပါ ထည့်သွင်းစဉ်းစားပြီးတော့ ဥပမာအားဖြင့်ပြောရရင် သဗ္ဗေသတ္တာ ကြမ်းပိုးနှင့် သန်းမပါဆိုသလိုမဖြစ်ရအောင် အားလုံးသော အလုပ်သမားများရဲ့ဘဝအာမခံချက်၊ လုံခြုံမှုရှိရေးအတွက်ကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလည်း မထိခိုက်ဘဲနဲ့ ပြည်တွင်းအလုပ်သမား တွေရော၊ အလုပ်ရှင်တွေရော ပြဿနာတွေကိုတစ်ကြိမ် တစ်ခါတည်းသာမကဘဲနဲ့ ရေရှည်စီမံကိန်း တစ်ရပ်အနေနဲ့ဖြစ်အောင် ကော်မရှင်ကို သေသေချာချာ ခုနက ကျွန်တော်အထက်က အစီရင်ခံခဲ့သလို ဆောင်ရွက်ပြီးတော့ လုပ်ခဲ့မယ်ဆိုရင်တော့ အလုပ်ရှင် အလုပ်သမားပဋိပက္ခဖြေရှင်းရေးတွေ အဆင်ပြေသွားမယ်လို့ ယုံကြည်ယူဆတဲ့အတွက် ဒီလွှတ်တော်ကနေ လက်ခံပြီးတော့ ဆောင်ရွက်

ပေးရမည့်အကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၁ း ၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁ း ၄၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး အခမ်းအနားအစီအစဉ်များ ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်း၍ ဦးခိုင်မောင်ရည် (ခ) ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ ဆက်လက်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ဦးသိန်းညွန့်တင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်ပတ်သက်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို အတူတူလုပ်ဖော်ကိုင်ဖက် များဖြစ်ကြတဲ့ ကျွန်တော်ရဲ့ သူငယ်ချင်းများဖြစ်ကြတဲ့ ၈၈ မျိုးဆက်သစ်ကျောင်းသားများနဲ့ သူတို့ရဲ့ ဆောင်ရွက်ချက်၊ ပြည်သူ့အကျိုးပါဝင်ဆောင်ရွက်ခဲ့မှုများကို ပူးတွဲတင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအလုပ်သမားဆန္ဒဖော်ထုတ်မှုများကို အခြေခံအကြောင်းအရင်းများ အဖြစ် ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၁၂ ခုနှစ်၊ မေလ ၈ ရက်နေ့ Himo ဆံပင်တုစက်ရုံ ကိုရီးယား

အမျိုးသားပိုင်စက်ရုံဟာ စတင်ဖြစ်ခဲ့တဲ့ အခြေခံလစာအပြင် အခြားသော အခြေခံလိုအပ်ချက်များ တောင်းဆိုတဲ့ကိစ္စဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအခွင့်အရေးတောင်းဆိုတဲ့ အလုပ်သမားဦးရေဟာ ၁၈၀၀ ခန့် ရှိပါတယ်။ အဲဒီမှာ အလုပ်သမားကိုယ်စားလှယ် ၇ ဦးနှင့် အလုပ်ရှင်ကိုယ်စား မန်နေဂျာ ပြီးတော့ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အပါအဝင် သက်သေထားပြီး စာချုပ်ချုပ်ဆိုခဲ့သော်လည်းပဲ လုပ်ငန်းရှင်ကနေ စာချုပ်ကို အသိအမှတ်မပြုခဲ့တာရှိပါတယ်။ အဲဒီလိုပဲ မေလ ၁၅ ရက်မှာ စံပယ်ပွင့်အထည်ချုပ်စက်ရုံ၊ မေလ ၁၅ ရက်မှာပဲ ပုလဲအထည်ချုပ်စက်ရုံ၊ နေမင်းအောင် အထည်ချုပ်စက်ရုံ ၃ ရုံပါ။ အခြေခံလုပ်ခလစာနှင့် အခြားလုပ်ငန်းခွင်အခက်အခဲများ၊ လုပ်ငန်းရှင် အခြေခံလစာ တိုးပေးဖို့ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့မှ စံပယ်ပွင့်အထည်ချုပ်စက်ရုံနဲ့ ပုလဲအထည်ချုပ်စက်ရုံဟာ လုပ်ငန်းရှင်တစ်ဦးတည်းဖြစ်တဲ့အတွက် ဒီတောင်းဆိုမှု၊ သဘောတူညီမှုရခဲ့ပါတယ်။ ဒီလိုပဲ အခြားအထည်ချုပ်စက်ရုံတွေမှာ ဆက်တိုက်တွေ ဖြစ်လာတာ ရန်ကုန်တိုင်းဒေသကြီးမှာ စက်ရုံပေါင်း ၉၀ ကျော်မှာ ဖြစ်ပေါ်ခဲ့တဲ့ စက်ရုံ ၄၀ ရုံ ကျွန်တော်တို့ သူငယ်ချင်းများ ဝင်ရောက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့တာတွေကို တွေ့ခဲ့ရပါတယ်။ အဓိကကတော့ အခြေခံလုပ်ခလစာ တိုးမြှင့်ပေးဖို့ဆိုတဲ့တောင်းဆိုချက်ကို အများဆုံးတွေ့ရပါတယ်။ အဲဒီလို တောင်းဆိုတဲ့အခါမှာ တစ်ဖက်က လိုက်လျောမှုက အခြေခံလုပ်ခလစာအပေါ်မှာ တိုးမြှင့်ပေးခြင်းမရှိဘဲနဲ့ အခြားခေါင်းစဉ်များအောက်မှာရှိတဲ့ အခကြေးငွေကိုသာ တိုးပေးခဲ့တာတွေ့ပါတယ်။ အခြေခံလုပ်ခလစာ တိုးပေးဖို့ဆိုတဲ့ကိစ္စမှာ စက်ရုံတော်တော်များများက လက်ခံမှုမရှိခဲ့တာတွေ့ရပါတယ်။ အဲဒီတော့ တောင်းဆိုတဲ့ အခြေခံလုပ်ခလစာ အများဆုံးတောင်းဆိုတာ ၃၀၀၀၀ ဖြစ်ပြီးတော့ ဒုတိယအများဆုံးက ၂၀၀၀၀ ဖြစ်ပါတယ်။ အဲဒီတော့ အခြေခံလုပ်ခလစာမှာ တိုးမြှင့်ပေးခြင်းနည်းခဲ့ပါတယ်။ ပြီးတော့ အခြေခံလုပ်ခလစာအပြင် အခြားလုပ်ငန်းတွေအခက်အခဲများကို တင်ပြတောင်းဆိုကြတာတွေ ရှိပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ အခါမှာ တကယ်တမ်းဖြစ်ခဲ့တဲ့ အလုပ်သမား၊ အလုပ်ရှင်ပဋိပက္ခမှာ အကြောင်းအရင်းတွေရှိပါတယ်။ ဒီအကြောင်းအရင်းတွေနဲ့ဆိုရင် လုပ်ငန်းခွင်အတွင်းမှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ရဲ့ ကိုယ်စားလှယ်တွေက အလုပ်သမားများကိုရိုင်းပြစွာ ဆက်ဆံတော့ လူမှုဖူလုံရေးခံစားခွင့်များ မရရှိပါ။ လုပ်ငန်းခွင်သက်သာချောင်ချိမှုမရှိတာ။ လစာပေးရာမှာ ရှုပ်ထွေးတဲ့စနစ်ကျင့်သုံးသဖြင့် အလုပ်သမားများကနားမလည်ခြင်းဖြစ်ရတယ်။ နောက်လူမှုရေး၊ ကျန်းမာရေး အကြောင်းတစ်စုံတစ်ရာကြောင့် တစ်ရက်ပျက်ကွက်မိပါက လစာကိုဖြတ်တောက်ခြင်းဖြစ်ပါတယ်။ ဥပမာ- လစာဆို တစ်ရက်လောက် ပျက်တာနဲ့ လခထုတ်တဲ့အခါမှာ ၁၀၀၀၀ ခန့်အထိ သူတို့က လျှော့ပစ်လိုက်ပါတယ်။ ဘာကြောင့်

ဘယ်လိုလျှော့တယ်ဆိုတာ အလုပ်သမားတွေက သိခွင့်မရှိပါဘူး။ ဒီတစ်ခါ အလုပ်သမားများကို လွယ်လင့်တကူထုတ်ပယ်ခြင်း အဲဒီအကြောင်းအရင်းများစွာ အဲဒါတွေကနေစပြီး အခြေခံတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၈၈ ကျောင်းသားတွေအနေနဲ့ ဒီလိုဖြေရှင်းခဲ့တာမှာ အလုပ်သမားတွေဘက်က နစ်နာမှုကို တစ်ဖက်စောင်းနင်းဖြေရှင်းခဲ့တာမျိုးမဟုတ်ဘဲနဲ့ အလုပ်ရှင်တွေရဲ့ ရပ်တည်မှုကိုလည်း ကြည့်ပြီးတော့ အလုပ်ရှင်တွေရဲ့ ဆက်လက် လုပ်ငန်းခွင်တွေကို ဆောင်ရွက်နိုင်ရေးကို အပြန်အလှန်အကျိုးပြုနိုင်အောင်ထည့်သွင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တကယ်တော့ အလုပ်ရှင်နှင့် အလုပ်သမားဆိုတာကတော့ အပြန်အလှန်အကျိုးပြုတဲ့အဖွဲ့အစည်းဖြစ်သလို ပဋိပက္ခအသွင်ဆောင်မှုတွေကို ကျွန်တော်တို့ ဒီစားပွဲဝိုင်းယဉ်ကျေးမှုနဲ့ဖြေရှင်းရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ တွေ့ဆုံညှိနှိုင်းခြင်းဖြင့် အဖြေရှာခြင်းဆိုတဲ့ဟာ အကောင်းဆုံးဖြစ်တယ်ဆိုတာ နှစ်ဦးနှစ်ဖက် နားလည်သဘောပေါက်အောင် ကျွန်တော်တို့ အဖွဲ့တွေက ဆောင်ရွက်ပေးခဲ့တာကိုတွေ့ရပါတယ်။ ဒါဟာ နမူနာယူရမယ့်ကိစ္စတွေဖြစ်ပါတယ်။ အဲဒီတော့ အလုပ်ရှင်၊ အလုပ်သမားသည် နှစ်ဦးနှစ်ဖက်လိုက်နာဖို့ စည်းကမ်းချက်တွေထဲမှာလည်း ပါဝင်ရမယ့်အချက်တွေ ရှိပါတယ်။ အလုပ်ရှင်ဘက်မှာဆိုရင် အလုပ်ရှင်က လိုက်နာဖို့ ဒီလုပ်ငန်းခွင်အတွင်းမှာ သက်သာချောင်ချိမှု၊ ပျော်ရွှင်မှုဖန်တီးပေးဖို့လိုအပ်ပါတယ်။ အလုပ်သမားများရဲ့ ဆန္ဒမပါဘဲနဲ့ ဒီအချိန်ပိုကိုဖိအားပေးပြီး ခိုင်းစေခြင်းမျိုး မပြုလုပ်ဖို့ လိုအပ်ပါမယ်။ လူမှုဖူလုံရေးဥပဒေပါ လုပ်သက်ခွင့်၊ ရှောင်တခင်ခွင့်များကို လစာမှဖြတ်တောက်ခြင်း မပြုဘဲ ခံစားခွင့်ပေးရန် ဒီခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ ၁၉၅၁ အဲဒီထဲမှာ ရှိတဲ့ ဥပဒေပါအချက်တွေကို အလုပ်သမားတွေက ခံစားခွင့်မရှိတာ ဒီဥပဒေတွေကို ပုဂ္ဂလိက အလုပ်ရုံ၊ စက်ရုံတွေမှာ အာဏာသက်ရောက်မှုနည်းနေတာကို ဒါတွေဟာ အလုပ်ရှင်တွေဘက်ကနေ စည်းကမ်းလိုက်နာ ရမယ့်ကိစ္စတွေ ရှိပါတယ်။ ဒီမလိုလားအပ်တဲ့ အကျိုးမရှိတဲ့လုပ်ငန်းခွင်စည်းကမ်းချက်တွေကို အလုပ်ရှင်တွေက ထုတ်ပြန်တာမျိုး မဖြစ်သင့်ပါဘူး။ အုပ်ချုပ်ရေးပိုင်းဝန်ထမ်းတွေအနေနဲ့ကလည်း အလုပ်သမားများကို နှိပ်စက်ခြင်း၊ ရိုင်းပျစွာဆက်ဆံခြင်းများကို တားမြစ်ပေးဖို့လိုအပ်ပါတယ်။ အလုပ်သမားတွေဘက်ကလည်း လိုက်နာရမယ့်စည်းကမ်းချက်တွေ အနေနဲ့ လိုအပ်ပါမယ်။ ကျွန်တော်တို့ နိုင်ငံအလုပ်သမားတွေဟာ ပြည်ပနိုင်ငံအလုပ်ရှင်များ၊ ပြည်တွင်းပြည်ပဖက်စပ်လုပ်ငန်းရှင်များ၊ ပြည်တွင်းလုပ်ငန်းရှင်များရဲ့အောက်မှာ လုပ်ကိုင်ဆောင်ရွက်ရတာ ဖြစ်သော်လည်းပဲ နိုင်ငံတကာ အလုပ်သမားများရဲ့ လုပ်နေကြတဲ့စည်းကမ်း၊ အလုပ်သမားစည်းကမ်းကို တိတိကျကျလိုက်နာဖို့ ကျွန်တော်တို့

စည်းကမ်းတွေကို ကျွန်တော်တို့လူမျိုးတွေဟာ လျော့လျော့ရဲရဲနဲ့ နေတတ်တဲ့အလေ့အထတွေကို ဖျောက်ဖျက်နိုင်ဖို့လိုအပ်ပါမယ်။ အဲဒီတော့ အလုပ်ချိန်ကိုလေးစားဖို့ စနစ်တကျခွင့်တိုင်မှုရှိဖို့ ဒါ လိုအပ်ပါမယ်။ နောက် ကုန်ထုတ်စွမ်းအားတိုးတက်ဖို့အတွက်ကြိုးစားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို သစ္စာရှိဖို့ဆိုတဲ့ လုပ်ငန်းခွင်သစ္စာရှိခြင်းကိုဆိုတာပါ။ ဒါ လိုအပ်ပါမယ်။ အဲဒီတော့ အနိမ့်ဆုံးအခြေခံလစာသတ်မှတ်ချက် အမြန်ဆုံးပြဋ္ဌာန်းပေးနိုင်ရေး ဟာလည်း လွှတ်တော်မှာ ဆောင်ရွက်နေပြီဖြစ်သော်လည်း သတ်မှတ်တဲ့အခါမှာ စီးပွားရေး ပညာရှင် များ၊ ကျွန်တော်တို့လွှတ်တော်မှာရှိတဲ့ ဥပဒေပညာရှင်များအပြင် ပြင်ပမှစီးပွားရေးပညာရှင်များနှင့် အလုပ်သမားပဋိပက္ခမှာ ပါဝင်ဆောင်ရွက်ခဲ့သူများ ဥပဒေရေးဆွဲရေးမှာ ပါဝင်ဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေ ဒါကိုလည်း အခု လွှတ်တော်မှာ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ၎င်းဥပဒေကို လုပ်ငန်းရှင်များမှ အသိအမှတ်ပြုလိုက်နာဖို့ အာဏာသက်ရောက်ဖို့ ဒါလည်း အရေးကြီးပါတယ်။ နောက်ထိခိုက်ဒဏ်ရာ ရပြီးတော့ လုပ်ငန်းခွင်မှာ ထိခိုက်ဒဏ်ရာရသေဆုံးသူများကို ထိုက်တန်တဲ့လျော်ကြေးငွေသတ်မှတ် ပေးဖို့ လိုအပ်ပါတယ်။ အလုပ်သမားတစ်ယောက်ကို ထိခိုက်တာ ဥပဒေထဲမှာ အင်မတန်မှ လျော်ကြေး နည်းနည်းလေးပဲရှိပါတယ်။ ဒီဥပဒေ အမြန်ပြင်ဖို့လိုပါတယ်။ ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေး အက်ဥပဒေကို ခေတ်နှင့်အညီ အမြန်ပြင်ပေးဖို့ လိုအပ်ပါမယ်။ အလုပ်သမားများရဲ့ အရည်အချင်း မြှင့်တင်ရေးအတွက်ကတော့ နိုင်ငံမှာလည်း အမျိုးသားသင်တန်းကျောင်းတွေ ဖွင့်ထားတာတွေ့ပါ တယ်။ သို့သော် ဒီအလုပ်သမားဝန်ကြီးဌာန အလုပ်ရှင်များနှင့် ဒီ ILO တို့နှင့်ပူးတွဲပြီးတော့ ဆောင်ရွက်သင့်တယ်လို့ အကြံပေးလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေ ပြဋ္ဌာန်း အတည်ပြုပေးခဲ့တဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေ အလုပ်သမားဥပဒေအရဆိုရင် အလုပ်သမား သမဂ္ဂတွေ လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်ရနေပါပြီ။ ဒီအလုပ်သမားအဖွဲ့အစည်းတွေက အလုပ်သမား ကိုယ်စားပြု အဖွဲ့အစည်းဖြစ်ပြီးတော့ ဒီအလုပ်သမားတွေရဲ့နစ်နာမှုတွေကို ဆက်လက်ပြီးတော့ တောင်းဆိုကြမှာဖြစ်ပါတယ်။ အဲဒီလို ဥပဒေတွေ အသက်ဝင်လာရေးကလည်း ဒီအလုပ်သမားဝန်ကြီး ဌာနမှာ တာဝန်ရှိပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြပေးဖို့ ပြည်သူလူထုထဲကို အလုပ်ရှင်၊ အလုပ်သမားအားလုံး အသိပညာတွေကိုရရှိစေဖို့ အလုပ်သမားဝန်ကြီးဌာနမှ ဖြန့်ကျက်ပေးဖို့တာဝန် ရှိပါတယ်။ အခုဖြစ်ပေါ်လာတဲ့ကိစ္စတွေမှာ အလုပ်သမားဝန်ကြီးဌာန မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းတို့ အလုပ်သမားအခွင့်အရေး တက်ကြွစွာဆောင်ရွက်ခဲ့တဲ့သူတွေရဲ့ ပူးပေါင်း

ဆောင်ရွက်မှုကြောင့်သာ အောင်မြင်စွာဖြေရှင်းနိုင်တယ်ဆိုပေပြောလည်း ဆက်လက်ပြီးတော့ ဖြစ်ပေါ် လာမယ့် အခြေအနေများ၊ နောက်ဆက်တွဲပြဿနာများ ရှိနိုင်တဲ့အတွက် ကျွန်တော်တို့ အခု ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုထဲမှာပါသလို ကော်မရှင်ဖွဲ့စည်းဖို့ဆိုတဲ့ကိစ္စမှ ဒီအဖွဲ့အစည်းတွေ ပြန်လည်ပါပြီးတော့ စောစောက ကိုယ်စားလှယ်ကြီး ဦးမြင့်သိန်းဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ လွှတ်တော်မှာရှိတဲ့ ကော်မတီအဖွဲ့အစည်းအပြင် ပါတီအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းအသီးသီး အပြင် NGO များ၊ အလုပ်သမားရေးရာဆောင်ရွက်နေသူများ၊ ရှေ့နေများ၊ ဥပဒေပညာရှင်များ၊ အလုပ်သမားများ၊ အလုပ်ရှင်များ၊ ကိုယ်စားလှယ်များပေါ့။ သူတို့ပါဝင်ဖို့ဆိုတာလည်း တကယ်လိုအပ် ပါတယ်။ အခု စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းမယ်ဆိုတာကတော့ အကြောင်းအရင်းမြစ် ဘာဖြစ်လို့ ဘာကြောင့် ဒီလို ပြဿနာမျိုးဖြစ်ရတာလည်း နောင်မဖြစ်အောင် ဘယ်လိုကာကွယ်သင့် သလဲဆိုတဲ့ ကော်မရှင်မျိုးဖြစ်ဖို့လိုအပ်ပါမယ်။ ကော်မရှင်က ဒီအကြောင်းရင်းကို ဖော်ထုတ်ရုံလေး တစ်ခုတည်းမဟုတ်ဘဲနဲ့ နောင်ဒီလိုအကြောင်းအရင်းမျိုးတွေကို အလားတူ ပြဿနာမျိုးတွေ မဖြစ်အောင် ဆန္ဒပြမှုတွေက ငြိမ်းချမ်းစွာဆန္ဒပြသည်ဆိုသော်ငြားလည်း စက်ရုံ၊ အလုပ်ရုံတစ်ခုကနေ တစ်ခု ဆက်တိုက်ကူးသလို ဖြစ်လာပြီးတော့မှ စက်ရုံ၊ အလုပ်ရုံပေါင်းများစွာဖြစ်ပေါ်လာတဲ့အတွက် ဒီလိုမျိုးဖြစ်ပေါ်နေတာဟာ ကောင်းတဲ့အလားအလာမဟုတ်ဘူးလို့ ကျွန်တော်တို့က မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လိုအပ်ချက်တွေကို တင်ပြတောင်းဆိုတာ သူတို့မှာလိုအပ်ချက်တွေရှိနေလို့ ဖြစ်ပါတယ်။ အဲဒီလို လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ လွှတ်တော်မှာတာဝန်ရှိတယ်လို့ မြင်ပါတယ်။ ဥပဒေပြုရေးတာဝန်ယူထားတဲ့ လွှတ်တော်အနေနဲ့ ဥပဒေနှင့်အညီ လုပ်ငန်းရှင်တွေက ဆောင်ရွက်နေသလား။ ဥပဒေနှင့်အညီ အလုပ်သမားတွေက ဆောင်ရွက်နေကြသလား။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းက ဥပဒေကို တကယ်အကောင်အထည်ဖော် ဆောင်ရွက်သလား။ ညှိနှိုင်းမှုတွေမှာ ထည်ထည်ဝင်ဝင်ပါဝင် ဆောင်ရွက်နေသလားဆိုတာ ဒါတွေကိုလည်း ဆောင်ရွက်ဖို့လိုအပ်ပါမယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်မှ ဒီအခြေခံ အနိမ့်ဆုံးလုပ်ခလစာဆိုတာတွေလည်း ကျွန်တော်တို့ လူမှုဖူလုံရေးစတဲ့ ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်တယ်။ ပြုပြင်ပြောင်းလဲလာပြီဖြစ်တဲ့ နိုင်ငံရေးအခြေအနေများကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံကို ရင်းနှီး မြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ဖို့ စိတ်ဝင်စားနေကြပါတယ်။ ဦးသိန်းညွန့်အဆိုထဲမှာပါသလိုပဲ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက်ဆိုတာကို မှန်ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖို့ ကျွန်တော်တို့နိုင်ငံကို လာဖို့တာစူနေတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ကျွန်တော်တို့က

ဖိတ်ခေါ်ရမှာဖြစ်သလို ကျွန်တော်တို့ နိုင်ငံသားအလုပ်သမားတွေအတွက်လည်း ကာကွယ်ပေးနိုင်တဲ့ ဥပဒေတွေက တကယ်ကို ရှိဖို့လိုအပ်တယ်။ အဲဒီတော့ ကျွန်တော်တို့ဘက်မှာ ဥပဒေချို့ယွင်းချက်ကြောင့် ဥပဒေမရှိသေးလို့ အကာအကွယ်မပေးနိုင်ဘူးဆိုတဲ့ဟာမျိုးလည်း မဖြစ်သင့်ပါဘူး။ အဲဒီတော့ ဒီကိစ္စဟာ ကျွန်တော်တို့ လွှတ်တော်က တကယ်တလေးတစားနဲ့ တကယ်ဆောင်ရွက်ရမယ့် အလုပ်ဖြစ်တယ်။ ဒီလိုပြဿနာမျိုးတွေ ပေါ်ပေါက်နေတာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ လွှတ်တော်ပြင်ပ ကာလဖြစ်သော်ငြားလည်း Link သဘောမျိုးချိတ်ဆက်ပြီးတော့၊ ကွန်ရက်သဘောမျိုး ချိတ်ဆက်ပြီးတော့မှ အစုအဖွဲ့များအနေနဲ့ သွားရောက်ညှိနှိုင်းပေးခြင်းမျိုးတွေမှာလည်း ဝင်ရောက်ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်နောက်က ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းလင်း စက်ရုံကိုရောက်တာ ကျွန်တော်တို့တွေ့လိုက်ရပါတယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်ခြင်းဟာ အင်မတန်မှကောင်းမွန်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ရာပေါင်းများစွာရှိပြီး ကျွန်တော်တို့ စက်ရုံရောက်တဲ့သူတွေနည်းနေပါတယ်။ ကျွန်တော်တို့အားလုံးကို ဥက္ကဋ္ဌကြီး အမြဲတမ်းမိန့်ပါတယ်။ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ ဘာစွဲမှမထားရဘူးဆိုတာ ကျွန်တော်တို့ ဘာစွဲမှမထားဘဲနဲ့ ဆောင်ရွက်ဖို့လိုအပ်ပါမယ်။ ပါတီအနေနဲ့ သွားကြတာတွေရှိတယ်။ ကျွန်တော်တို့က ပါတီအနေနဲ့မသွားဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်များ စုဖွဲ့ပြီးတော့ သွားဖို့လိုအပ်လိမ့်မယ်လို့ ကျွန်တော်တို့ အဲဒီလိုမြင်ပါတယ်။ မနေ့က ကိုယ်စားလှယ်တစ်ဦး ပြောသွားပါတယ်။ ဥက္ကဋ္ဌကြီးက ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ ဘာစွဲမှမထားရဘူးဆိုတာကို ဘောင်ခတ်လိုက်တယ်လို့ ပြောပါတယ်။ ကျွန်တော့်အနေနဲ့ ဘောင်ခတ်တယ်လို့ မမြင်ပါဘူး။ ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကို ဘောင်တွေကိုဖြုတ်ပေးလိုက်တယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ဟာ ဘာဘောင်မှမရှိတော့ဘဲနဲ့ ဘာစွဲမှ မရှိတော့တဲ့အစွဲနဲ့ ပူးပေါင်းပြီးဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အဲဒီတော့ ပြဿနာ တစ်စုံတစ်ရာဖြစ်တိုင်း ဖယောင်းတိုင်ထွန်းနေတာကိုလည်း ကျွန်တော်တို့ ကြည့်နေလို့မဖြစ်ပါဘူး။ ဘာကြောင့်ထွန်းကြတာလဲ။ အလုပ်သမားတွေ ငြိမ်းချမ်းစွာ ဆန္ဒပြတယ်ဆိုတာ ဘာကြောင့်ပြကြတာလဲ။ ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုသလို အစာငတ်ခံဆန္ဒပြတဲ့အထိ တိုက်ကြီးဘက်မှာ ဖြစ်လာတယ်။ အဲဒီလောက်ပြင်းထန်တဲ့ကိစ္စမျိုး ကျွန်တော်တို့ ဒီတိုင်းကြည့်နေကြသလို ဖြစ်သွားနေကြရင် ကျွန်တော်တို့တာဝန်မကျေရာကျပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကော်မရှင်ဖွဲ့ရေးသည် အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်များက အရေးပေါ်ကိစ္စတွေ တိုင်းပြည်မှာဖြစ်နေတဲ့အချိန်မှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စလည်း လိုအပ်မယ်လို့ ကျွန်တော်အကြံပြု

လိုပါတယ်။ ကျွန်တော်တို့ အခုလို ကော်မရှင်တွေဖွဲ့တဲ့အခါမှာ အလုပ်သမားအရေးများကို တကယ့်စိတ်နစ်ပြီးတော့ အင်တိုက်အားတိုက်ဆောင်ရွက်ပေးခဲ့တဲ့ အဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂိုလ်အသီးသီး အပြင် ကျွန်တော်တို့ သူငယ်ချင်းများဖြစ်တဲ့ ၈၈ မျိုးဆက်သစ်ကျောင်းသားများကိုလည်း ပါဝင်ခွင့်ပေးဖို့လည်း ကျွန်တော့်အနေနဲ့ ဆန္ဒပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဦးသိန်းညွန့်ရဲ့အဆိုဖြစ်တဲ့ မကြာခင်မှဖြစ်ပေါ်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံ တချို့အပါအဝင် အလုပ်သမားများရဲ့ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနဲ့ပတ်သက်၍ ဖြစ်ပွားရသော လက်ငင်းအကြောင်းအရင်းများနှင့် အကြောင်းအရင်းခံများကို လေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညိုလေးစားပြီး ယုံကြည်လောက်သော ပုဂ္ဂိုလ်များဆိုတဲ့ အများကြည်ညိုလေးစားပြီးဆိုတဲ့ စကားလုံးကတော့ တိုင်းတာရတာခက်ခဲပါတယ်။ ကျွန်တော် အဲဒီ စကားလုံးကြီးကို ရှောင်ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ရန် ယုံကြည်လောက်တဲ့ပုဂ္ဂိုလ်များ တော်လောက်ပြီလို့ထင်ပါတယ်။ အဲဒီတော့ အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်သော စုံစမ်းရေးကော်မရှင်ဖွဲ့စည်းပေးဖို့ အဆိုတင်သွင်းထားတာကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်းလင်း (တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မကြာခင်က ဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံအချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွားရသော လက်ငင်းအကြောင်းအရင်းနှင့် အရင်းခံအကြောင်းအရင်းများကိုလေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုနှင့် ပတ်သက်ပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများရဲ့ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်တောင်းဆိုမှုများကို လေ့လာကြည့်တဲ့အခါမှာ မေလကနေ ဇွန်လအထိ စက်ရုံပေါင်း ၉၀ မှာ ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပါတယ်။

ဒီဆန္ဒဖော်ထုတ်မှုများကို အစိုးရဝန်ကြီးဌာနများနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များမှ ပါဝင်ဆောင်ရွက်နေသူများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများက ပါဝင်ကူညီဖြေရှင်းပေးတဲ့အတွက် နောက်ဆုံးမှာ အားလုံးပြေလည်မှုရရှိပြီး သဘောတူညီချက်စာချုပ်များချုပ်ဆိုနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အခု ထောက်ခံဆွေးနွေးတဲ့နေရာမှာ ကိန်းဂဏန်းများပါတဲ့အတွက် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု လေ့လာစိစစ်ရေးကော်မတီအနေနဲ့ အလုပ်သမားတွေ တောင်းဆိုမှုဖြစ်တဲ့ စက်ရုံတွေကို ကျွန်တော်ကိုယ်တိုင်ရောက်ရှိခဲ့ပါတယ်။ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများဖြစ်ပွားရတဲ့ အကြောင်းအရင်းတွေကို လေ့လာကြည့်ရင်လက်ရှိ စက်ရုံ၊ အလုပ်ရုံများမှာရှိကြတဲ့ အလုပ်သမားများရဲ့ လုပ်ခလစာပေးမှုများဟာ တစ်နေ့ရရှိတဲ့နေ့စားကြေးနှင့် နာရီကြေးတို့ဟာ နည်းပါးပြီး အလုပ်ရှင်က မိမိရဲ့ထုတ်လုပ်မှု တိုးတက်စေရန်နှင့်အလုပ်သမားများကို အလုပ်ရက်မပျက်ရန် တာဝန်ထမ်းဆောင်နိုင်ဖို့ ရည်ရွယ်ပြီး နေ့စားကြေး၊ နာရီကြေးတို့အပြင် ခေါင်းစဉ်အမျိုးမျိုးခွဲပြီး လုပ်ခလစာတွက်ချက်ပေးတဲ့စနစ်ကို ကျင့်သုံးနေတာတွေ့ရပါတယ်။ အလုပ်ရှင်၊ မန်နေဂျာအောက်ခြေစီမံခန့်ခွဲကြီးကြပ်သူများနှင့် အလုပ်သမားရဲ့အကြားထိတွေ့ဆက်ဆံရေးအခြေအနေ အားနည်းမှု၊ လုပ်သားများရဲ့ လုပ်ခနှုန်းထားကို ဒေသတူ၊ လုပ်ငန်းတူစက်ရုံများအနေဖြင့် တစ်ပြေးညီသတ်မှတ်မထားနိုင်တဲ့ အားနည်းမှု၊ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များက စက်ရုံရဲ့စီမံခန့်ခွဲရေးအပိုင်းမှာ ဝင်ရောက်စွက်ဖက်တဲ့အားနည်းမှု ၎င်းနိုင်ငံခြားသားတို့ရဲ့မြန်မာ့ယဉ်ကျေးမှုကို နားလည်မှုမရှိကြတဲ့ အားနည်းမှုစတာတွေကြောင့် တောင်းဆိုမှုများဖြစ်ပေါ်လာရခြင်းဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။ ယနေ့အခြေအနေမှာ အထည်ချုပ်စက်ရုံအချို့ရှိ အလုပ်သမားတစ်ဦးရရှိတဲ့ လုပ်ခလစာတွေကို လေ့လာကြည့်မယ်ဆိုရင် လုပ်ခရဲ့လစာဟာ အချိန်ပိုကြေးမပါ။ အနည်းဆုံး ၃၀၀၀၀ ကျပ်နှင့် အများဆုံး ၇၀၀၀၀ ကျပ် ရရှိတာကိုတွေ့ရပါတယ်။ ဖိနပ်ချုပ်စက်ရုံများက အနိမ့်ဆုံးအလုပ်သမားများရဲ့လစာဟာ အချိန်ပိုကြေးမပါ အနည်းဆုံး ၄၅၀၀၀ ကျပ်နှင့်အများဆုံး ၆၀၀၀၀ ကျပ် ရရှိတာကိုတွေ့ရပါတယ်။ လှိုင်သာယာမြို့နယ်က High Art ဆံပင်တုစက်ရုံကိုလေ့လာကြည့်မယ်ဆိုရင် အနိမ့်ဆုံးအလုပ်သမားတစ်ဦးဟာ ယခင်က အခြေခံလစာ ၈၇၀၀၊ဆုကြေး ၆၀၀၀၊ ကျွမ်းကျင်ကြေး ၅၂၀၀၊ ခရီးစရိတ် ၇၅၀၀၊ ရက်မှန်ကြေး ၅၀၀၀ စုစုပေါင်းအချိန်ပိုကြေးနှင့် ခေါင်းထိုးကြေးမပါ ၃၂၄၀၀ ရရှိခဲ့တာတွေ့ရှိရပြီး အမြင့်ဆုံးအလုပ်သမားတစ်ဦးဟာအချိန်ပိုကြေးနှင့် ခေါင်းထိုးကြေးမပါ ၅၄၃၀၀ ရရှိတာကိုတွေ့ရပါတယ်။ စက်ရုံအနေနဲ့ အလုပ်သမား

၁၁၀၀ ဦးခန့်ကို အဆောင်ပေးထားတဲ့အပြင် အဆောင်နေသူများကို ထမင်းတစ်နပ်လျှင် ၁၀၀ ကျပ်နှုန်းဖြင့် တစ်နေ့ သုံးကြိမ်ကျွေးတာကိုလည်း တွေ့ရပါတယ်။ ညှိနှိုင်းဖြေရှင်းပေးသူများက အခြေခံလစာ ၈၇၀၀ အပေါ်မှာ အလုပ်သမားအားလုံး တစ်ပြေးညီ ၂၉၇၀၀ အထိ တိုးမြှင့်ရရှိအောင် ညှိနှိုင်းပေးခဲ့တဲ့အတွက် အနိမ့်ဆုံးအလုပ်သမားတစ်ဦးဟာ အချိန်ပိုကြေးနှင့် ခေါင်းထိုးကြေးမပါ ၅၃၄၀၀ နဲ့ အမြင့်ဆုံးအလုပ်သမားတစ်ဦးဟာ အချိန်ပိုကြေးနှင့် ခေါင်းထိုးကြေးမပါ ၇၅၃၀၀ ရရှိနေတာကို သိရှိရပါတယ်။ သဃ်န်းကျွန်းမြို့နယ်က လင်းထက်သိုးမွေးစက်ရုံဟာ ကျား ၂၈ ဦး၊ မ ၂၆၇ ဦး၊ ပေါင်း ၂၉၅ ဦးဖြင့် လုပ်ကိုင်နေရာမှ အော်ဒါမရရှိတဲ့အတွက် ၈-၇-၂၀၁၁ ရက်နေ့မှာ ပိတ်သိမ်းခဲ့တဲ့စက်ရုံဖြစ်ပါတယ်။ စက်ရုံပိတ်ပြီးနောက် ၂၈-၇-၂၀၁၁ ရက်နေ့မှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်ပြီး အလုပ်သမားများ ရသင့်ရထိုက်တဲ့ အလုပ်ပိတ်နစ်နာကြေးကို အလုပ်ရှင်နှင့်အလုပ်သမားများ အကျေအလည်ညှိနှိုင်းစေပြီး နှစ်ဖက်သဘောတူဆုံးဖြတ်မှုနှင့် အခြေခံလစာအပေါ်တွက်ချက်ကာ ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီးဖြစ်ပါတယ်။ အလုပ်ရပ်ဆိုင်းခံခဲ့ရတဲ့အလုပ်သမားများကို အခြားသင့်လျော်တဲ့ အလုပ်အကိုင်အသစ်ရရှိရေးအတွက်လည်း အလုပ်သမားဝန်ကြီးဌာနက အလုပ်ရှင်အချို့ကိုခေါ်ယူပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ စက်ရုံဝင် အဝင်ဝတန်းလျားမှာ ယောကျ်ားလေးအဆောင် တည်ရှိပြီး စက်ရုံဘေးချင်း ကပ်လျက်ခြံမှာ မိန်းကလေးအဆောင်တို့ကိုထားရှိတာတွေ တွေ့ခဲ့ရပါတယ်။ အလုပ်သမားအဆောင်တွေဟာ အညစ်ကြေးနေရာများအနီးမှာမဟုတ်ဘဲသီးခြားထားရှိတာကိုတွေ့ရှိခဲ့ရပါတယ်။

အလုပ်သမားဝန်ကြီးဌာနအနေနဲ့ ဖြစ်ပွားခဲ့တဲ့ တောင်းဆိုမှုတွေကို လုပ်ငန်းခွင်မပျက်အေးချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမမှာ အစိုးရဌာနများမှ တာဝန်ရှိသူများနှင့်အတူ အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားရေးရာ ပါဝင်လှုပ်ရှားသူများနှင့် လူမှုရေးအဖွဲ့အစည်းများ အားလုံးပါဝင်ပြီး ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကာ သဘောတူယာယီညှိနှိုင်းလစာသတ်မှတ်ကာ ပြေလည်အောင်ဆောင်ရွက်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ တောင်းဆိုမှုများကြောင့် စက်ရုံပိတ်ရတဲ့ အဖြစ်မျိုး၊ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ရတဲ့အခြေအနေမျိုးမရောက်အောင် အလုပ်သမားဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။ အလုပ်သမားဝန်ကြီးဌာနက တာဝန်ရှိဝန်ထမ်းများအနေနဲ့လည်း အလုပ်သမားရေးရာ သတင်းရလျှင်ရချင်း အချိန်မီသွားရောက်ဖြေရှင်း ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ စက်ရုံ၊ အလုပ်ရုံများမှ

တောင်းဆိုမှုများ တစ်ပြိုင်တည်းဖြစ်ပွားခဲ့တဲ့ နေ့ရက်တွေမှာ အခြားမြို့နယ်များက တာဝန်ရှိသူဝန်ထမ်းများကပူးပေါင်းပြီး အဖွဲ့များခွဲ၍ သွားရောက်ဖြေရှင်း ဆောင်ရွက်ပေးတာကိုလည်းတွေ့ရပါတယ်။ တချို့စက်ရုံတွေမှာဆိုရင် ညသန်းခေါင်အချိန်ထိ ဖြေရှင်းရပြီး တချို့စက်ရုံတွေမှာ နောက်တစ်နေ့မနက် ၅း၃၀ နာရီလောက်အထိ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြပါတယ်။ အဲဒီလို ညှိနှိုင်းဆောင်ရွက်ကြတဲ့နေရာမှာ အလုပ်ရှင်များရဲ့ လိုက်လျောမှုကို ကျေနပ်ပြီး အလုပ်ဝင်ချင်တဲ့ အလုပ်သမားများနဲ့ ကျေနပ်မှုမရှိသေးလို့ ဆက်လက်တောင်းဆိုလိုတဲ့ အလုပ်သမားများအကြား ခိုက်ရန်ဖြစ်ပွားကြတဲ့အတွက် ဖြေရှင်းဆောင်ရွက်ရင်း ဒဏ်ရာအနာတရဖြစ်ရတဲ့ အလုပ်သမားအရာရှိတွေလည်း ရှိပါတယ်။ ယခုနှစ်မေလအတွင်းမှာ ဇနီးနေထိုင်မကောင်းဖြစ်နေတာကိုတောင်မှ ဂရုမစိုက်နိုင်ဘဲ ဖြစ်ပွားနေတဲ့ ပြဿနာတွေကို စေတနာထားပြီး ဖြေရှင်းဆောင်ရွက်နေတဲ့အချိန်မှာ အချိန်မီ ဆေးရုံမပို့နိုင်တဲ့အတွက် ဇနီးဆုံးပါးသွားလို့ ကလေးနှစ်ယောက်နှင့်ကျန်ရစ်ခဲ့တဲ့ အလုပ်သမားအရာရှိလည်းရှိတာတွေ့ရပါတယ်။ ဒါကြောင့် ဖြစ်ပွားခဲ့တဲ့ပြဿနာတွေကို ပြေလည်ရေးအတွက် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ဆောင်ရွက်ခဲ့ကြတဲ့ အစိုးရဌာနအသီးသီးက ဝန်ထမ်းတွေနဲ့ တက်ကြွစွာပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြတဲ့ အလုပ်သမားရေးရာ ပါဝင်လှုပ်ရှားသူများနှင့် လူမှုအဖွဲ့အစည်းများကို အသိအမှတ်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာန အပါအဝင်ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများကလည်း အလုပ်သမားများ၏ တောင်းဆိုမှုဖြစ်စဉ်များမှာ ပြေလည်မှုရနိုင်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကို တွေ့မြင်ရပါတယ်။ အလုပ်သမားဝန်ကြီးဌာနက အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုခဲ့ရာ အလုပ်သမားအဖွဲ့ ၁၂၈ ဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ် ၁ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၁၁ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးကြောင်းသိရပါတယ်။ ဒီအရေအတွက်ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ စက်ရုံ၊အလုပ်ရုံဌာနများရဲ့ အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လွန်စွာနည်းပါးနေသေးတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်က ထုတ်ပြန်ထားပြီးတဲ့ အလုပ်သမားဥပဒေများရဲ့ သက်တမ်းဟာ နုနယ်နေသေးလို့ အလုပ်ရှင်များနှင့် အလုပ်သမားများဟာ ဥပဒေပါအကြောင်းအရာတွေကို နားလည်သဘောပေါက်မှုအားနည်းနေသေးတာကို တွေ့နေရပါတယ်။ ဘယ်အရာမဆို အချိန်ပေးဖို့တော့ လိုအပ်ပါတယ်။ ဒါကြောင့် လက်ရှိပြဋ္ဌာန်းထားရှိတဲ့ အလုပ်သမားဥပဒေများကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နားလည်သဘောပေါက်စေရန် အချိန်ပေးရမှာ ဖြစ်ပါတယ်။ ဥပဒေ

လုပ်ထုံးလုပ်နည်းများအပေါ် လိုက်နာရန် အားနည်းချက်များ ပပျောက်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက အသိပညာပေး ဆွေးနွေးပွဲများ၊ သင်တန်းများကို ဌာနအစီအစဉ်နဲ့ရော၊ နိုင်ငံတကာ ကျွမ်းကျင်သူများရဲ့ အကူအညီနဲ့ပါ ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ဒီဆောင်ရွက်မှုတွေ အရှိန်အဟုန် ရရှိစေဖို့ ဝိုင်းဝန်းကူညီကြဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် အကြံပြုတင်ပြရလျှင် အလုပ်သမားရေးရာကိစ္စရပ်များ နှင့်ပတ်သက်၍ လိုအပ်ချက်များ တွေ့လာရင်လည်း အပြုသဘောဆောင်ပြီး တိုင်းပြည်အပေါ်မှာ ထားရှိတဲ့ စေတနာအရင်းခံနဲ့ အကြံပြုခြင်း၊ ဝေဖန်ခြင်း၊ ထောက်ပြခြင်းများကို ရိုးသားစွာ ပြုလုပ်ကြရ မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ အလုပ်သမားဥပဒေအသစ်များကို အကောင်အထည် ဖော် ဆောင်ရွက်နေချိန်ဖြစ်၍ ဥပဒေကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးနှင့် သက်ဆိုင်သူ များအားလုံးမှ ဥပဒေနှင့် ဥပဒေအရ လုပ်ငန်းစဉ်များကို အပြည့်အဝနားလည်ပြီး လိုက်နာကျင့်သုံးနိုင် ရေးအတွက် လုပ်ငန်းတာဝန်များ ကျန်ရှိနေသေးတဲ့အတွက် အလုပ်သမားဆန္ဒဖော်ထုတ်မှုများနဲ့ ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် မလိုအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါ တယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြည်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြည်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော် လေးစားစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းခဲ့တဲ့ မကြာခင်က ဖြစ်ပေါ်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊အလုပ်ရုံအချို့မှာ အလုပ်သမားများ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနဲ့ ပတ်သက်၍ အဖြေရှာရန် စုံစမ်းရေး

ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားဝန်ကြီးဌာနဟာ အလုပ်သမားအဖွဲ့အစည်းဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀(က) အရ သတ်မှတ်ထားတဲ့နည်းလမ်းများနဲ့ အညီ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခဲ့ပြီး အများပြည်သူသိရှိနိုင်ရန်အတွက် နိုင်ငံတော်ပြန်တမ်းတွင် ၇-၈-၂၀၁၁ ရက်စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ လွှတ်တော်နှစ်ရပ်မှာ အကျေအလည် ဆွေးနွေးခဲ့ပြီးတဲ့ နောက် ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇) အဖြစ် အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ အလုပ်သမားအဖွဲ့အစည်းများကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ကနေ စပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းခွင့်ပြုခဲ့တာ အခုအခါမှာဆိုလို့ရှိရင်တော့ အလုပ်သမားအဖွဲ့ချုပ် တစ်ခု၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ခု၊ အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၂၇ ဖွဲ့၊ အလုပ်ရှင်အဖွဲ့အစည်း ၁၁ ဖွဲ့ထိ ဖွဲ့စည်းခွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်း ဖွဲ့စည်းခွင့်ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ လွတ်လပ်သော အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပေးတာဟာ လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်တို့နှင့်အတူ အလုပ်သမားများအတွက်ရော အလုပ်ရှင်များအတွက်ပါ လုပ်ငန်းခွင်အရောက် ဒီမိုကရေစီအလေ့အထများ သွတ်သွင်းပေးလိုက်ခြင်းဖြစ်သလို အလုပ်ရှင်နှင့် အလုပ်သမားအကြား ယုံကြည်စိတ်ချရမှု မျိုးစေ့ချပေးလိုက်ခြင်းလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိကြတဲ့အတိုင်းပါပဲ ဒီမိုကရေစီဆိုတာ ပေါ်ပေါ်ထင်ထင် ငြင်းခုံကြခြင်း Open Debate၊ ဆွဲဆောင်စည်းရုံးတိုက်တွန်းကြခြင်း Persuasion နဲ့ အပေးအယူလုပ်ပြီး ဖြေရှင်းဆောင်ရွက်ကြခြင်း Compromise ဆိုတဲ့ လုပ်နည်းလုပ်ဟန် ၃ ရပ်ပေါ်မှာ လုံးဝရပ်တည်နေတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသအတွင်းရှိ စက်ရုံ၊အလုပ်ရုံအချို့မှာ အလုပ်သမားများ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများဟာ အလုပ်သမားထုအတွင်း ဒီမိုကရေစီနဲ့ အခြေခံလွတ်လပ်ခွင့်ခံစားရရှိခြင်းရဲ့ သင်္ကေတအမှတ်အသားအဖြစ် ကျွန်တော်တို့ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါကို ပြဿနာလို့မမြင်ပါဘူး။ ဒါဟာ သူတို့ ရသင့်ရထိုက်တဲ့အခွင့်အရေးကို ကျင့်သုံးကြခြင်းလို့ပဲ မြင်ပါတယ်။ ပြီးခဲ့တဲ့ မေလနှင့် ဇွန်လမှာ စက်ရုံပေါင်း ၉၀ မှ အလုပ်သမားပေါင်း ၅၃၃၄၃ ဦးတို့ဟာ သက်ဆိုင်ရာ အလုပ်ရှင်များနှင့် အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သော်လည်းပဲ ဒီမိုကရေစီလုပ်နည်းလုပ်ဟန်အတိုင်း နောက်ဆုံးမှာ

အပေးအယူမျှသွားကြပြီး သဘောတူညီချက်စာချုပ်များကို နှစ်ဖက်စိတ်တိုင်းကျချုပ်ဆိုနိုင်ခဲ့ခြင်းဖြင့်သော်လည်းကောင်း၊ ခုံသမာဓိအဖွဲ့များရဲ့အဆုံးအဖြတ်ကို လက်ခံသွားခြင်းဖြင့်သော်လည်းကောင်း ပြေလည်စွာဖြေရှင်းပြီးလည်း ဖြစ်ကြပါတယ်။ ဒီလိုပြေလည်မှုရှိသွားကြတာဟာ ဇယားမှာဖော်ပြထားတဲ့အတိုင်း အလုပ်သမားများရဲ့ အခွင့်အရေးနှင့် အကျိုးစီးပွားများ တိုးတက်ခံစားရရှိသွားကြတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ အလုပ်သမားဥပဒေသစ်များတွင် အလုပ်သမားများအတွက်ကောအလုပ်ရှင်များအတွက်ပါ အကျိုးစီးပွားများ ညီညွတ်မျှတစွာ အကာအကွယ်ပေးထားတဲ့အတွက် အလုပ်ရှင်နဲ့အလုပ်သမားကြားမှာ ယုံကြည်စိတ်ချရမှုပျိုးခင်း Trust Culture ကလေးစတင်ဖြစ်ပေါ်နေပြီလို့ ကျွန်တော်က ပြောကြားလိုပါတယ်။ ခြွင်းချက်အနေနဲ့ အငြင်းပွားမှုများတွင် အလုပ်ရှင်ဘက်ကရော အလုပ်သမားဘက်ကပါ အစိုးရဝန်ထမ်းဘက်ကပါ ဥပဒပါပြဋ္ဌာန်းချက်များကို အစပိုင်းမှာလိုက်နာမှုအားနည်းခဲ့တာကိုတော့ ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အပြည့်အဝလိုက်နာကျင့်သုံးနေကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါဟာ ဥပဒေသက်တမ်း အလွန်နုလွန်းတဲ့အတွက် ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅) ဖြင့်အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို အချိန်မီထုတ်ပြန်အတည်ပြုပေးနိုင်သောကြောင့်သာ ယခုကဲ့သို့ အလုပ်သမားများရဲ့ အငြင်းပွားမှုများကို ကောင်းမွန်စွာစနစ်တကျဖြေရှင်းပေးနိုင်ခဲ့တာဖြစ်ပြီး အလုပ်သမားများရဲ့ အခွင့်အရေးနှင့် အကျိုးခံစားခွင့်များလည်းပဲ ပိုမိုရရှိလာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကို အချိန်မီအတည်ပြုပြဋ္ဌာန်းပေးခဲ့ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီဥပဒေအရ စက်ရုံတွေမှာ ညှိနှိုင်းခြင်းအဆင့် (Negotiation)၊ မြို့နယ်တွေမှာ ဖျန်ဖြေခြင်းအဆင့် (Conciliation) တိုင်းဒေသကြီးတွေမှာ အဆုံးအဖြတ်ပေးခြင်းအဆင့်တွေကို အလုပ်သမားနှင့်အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အလုပ်ရှင်နှင့်အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်များအရေအတွက် တူညီစွာပါဝင်ပြီးတော့မှ ဆွေးနွေးညှိနှိုင်းခဲ့ကြတယ်။ ဖျန်ဖြေခဲ့ကြတယ်။ အဆုံးအဖြတ်ပေးခဲ့ကြတာလည်းဖြစ်ပါတယ်။ အလုပ်သမားအရေးကိစ္စတွေမှာ အလုပ်သမားများကိုယ်တိုင်ပါဝင်ပြီးတော့ အဆုံးအဖြတ်ပေးနေတဲ့ ဒီလိုအခြေအနေမျိုးမှာ အလုပ်သမားများရဲ့ဆန္ဒ၊ အနံ့အသက်ဆိုတာ မေးခွန်းထုတ်စရာများလိုပါသေးသလားခင်ဗျား။ (ဩဘာသံများ)

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရုံအချို့မှာ လုပ်ခ၊ လ စာ၊ အချိန်ပိုအခကြေးငွေ၊ လုပ်ငန်းခွင်အခြေအနေနှင့် နေထိုင်မှုအခြေအနေဆိုးဝါးနေပုံတွေကိုလည်း တင်ပြသွားခဲ့ကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ အလုပ်ဌာနပေါင်း ၁၃၁၅၆၃ ရုံရှိပါတယ်။ မတူညီတဲ့ကျောထောက်နောက်ခံအကြောင်းတရားတွေကြောင့် အလုပ်သမားများရဲ့ ခံစားခွင့်အခြေအနေနှင့် ပတ်သက်ပြီး တစ်ရုံနှင့် တစ်ရုံမတူညီဘဲ ကွဲပြားခြားနားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အလုပ်သမားဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားအခွင့်အရေး Labour Right ဟူ၍လည်းကောင်း၊ ဥပဒေမှာမပါသော်လည်း ဖြစ်သင့်ဖြစ်ထိုက်သောခံစားခွင့်နှင့် အခင်းအကျင်းတို့ကို အလုပ်သမား အကျိုးခံစားခွင့် Labour Interest ဟူ၍လည်းကောင်း အားလုံးကို ခြုံငုံပြီးခေါ်ဆိုသုံးနှုန်းပါတယ်။ အပြည်ပြည်ဆိုင်ရာမှာလည်း ဒီအတိုင်းပဲသုံးနှုန်းတာဖြစ်ပါတယ်ခင်ဗျား။ အလုပ်သမားအဖွဲ့အစည်း ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)မှာ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်သည့် ဆောင်ရွက်မှုများ လုပ်ကိုင်ရန် စောစောက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အချက်တွေနဲ့ အကုန်အကျွမ်းဝင်ပါတယ်။ အဲဒါကို အပြည့်အဝ တာဝန်ယူပေးအပ်ထားပြီးဖြစ်တဲ့အပြင် ပုဒ်မ ၂၀ နှင့် ၂၁ တို့မှာလည်းပဲ အလုပ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားအတွက် အလုပ်သမားအဖွဲ့အစည်းများက ပါဝင်ဆွေးနွေးကြရန်၊ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ကြရန်လို့ အတိအကျပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။ ဒီလောက်များပြားတဲ့ စက်ရုံအလုပ်ရုံအလုပ်ဌာနများမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားထုကြီးတစ်ရပ်လုံးရဲ့ ကွဲပြားခြားနားစွာ ဖြစ်ပေါ်နေတဲ့ လိုအပ်ချက်များကို လုပ်ပိုင်ခွင့်ပေးအပ်ထားပြီးဖြစ်တဲ့ အလုပ်သမားအဖွဲ့အစည်းများထက် ဘယ်သူကမျှပိုပြီးဖြေရှင်းပေးနိုင်ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့အလုပ်သမားရေးရာ အငြင်းပွားမှုများကြောင့် အလုပ်သမားများအပိုင်းသာမက အလုပ်ရှင်များပါ အလုပ်သမားဥပဒေများအပေါ်တွင် ပိုမိုပြီးတော့အလေးအနက်ထားလာတာကို လေ့လာလာတာကို ဝမ်းမြောက်စွာတွေ့ရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ လုပ်ငန်းခွင်ဆက်ဆံရေးနှင့် ပတ်သက်တဲ့လုပ်ငန်းတွေကို အသိပညာပေးမှုတွေ တိုးမြှင့်ပြီးတော့မှ ဆောင်ရွက်နေပါတယ်။ ယခုနှစ်ထဲမှာဆိုလို့ရှိရင် တိုင်းဒေသကြီးများနဲ့ ပြည်နယ်တွေမှာ ၉ ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်မှာဆိုရင်တော့ ဇွန်လ ၂၇ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာက အထူးကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားတဲ့ Friedrich Ebert Stif'tung ဆိုတဲ့ ဂျာမန်ဖောင်ဒေးရှင်းကြီးကိုပါ အကူအညီတောင်းပြီးတော့ အလုပ်သမားအဖွဲ့အစည်းတွေနှင့် သူတို့ရဲ့ကိုယ်စားလှယ်တွေ၊ အလုပ်ရှင်အဖွဲ့အစည်းတွေနှင့် သူတို့ရဲ့ ကိုယ်စားလှယ်တွေ၊ အစိုးရဝန်ထမ်းတွေ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်တွေအားလုံးအတွက် အလုပ်ရုံဆွေးနွေးပွဲကြီး

တစ်ခုကိုလုပ်ပေးခဲ့ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ဂျာမနီ၊ ဂျပန်၊ မလေးရှား၊ နယူးဇီလန်၊ အင်ဒိုနီးရှား အစရှိတဲ့ နိုင်ငံများမှ ပညာရှင်များ၊ ပါရဂူကြီးများကိုယ်တိုင် ဒီအလုပ်သမားကိုယ်စားလှယ်တွေ၊ အလုပ်ရှင်ကိုယ်စားလှယ်တွေ၊ လူထုလူတန်းစားအဖွဲ့အစည်း ကိုယ်စားလှယ်တွေ၊ အစိုးရဝန်ထမ်းတွေကို ဆွေးနွေးပညာပေးခဲ့တာဖြစ်ပါတယ်။ အလုပ်သမားအဖွဲ့အစည်း ခေါင်းဆောင်တချို့ကိုလည်းပဲ ပြည်ပနိုင်ငံများသို့ စေလွှတ်ပြီးတော့မှ ဆွေးနွေးပွဲတွေ တက်ရောက်စေတာ၊ ညီလာခံတွေ တက်ရောက်စေတာ ပြုလုပ်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ခရီးစဉ်မှာပင်လျှင် အလုပ်သမားကိုယ်စားလှယ်များ လိုက်ပါဆောင်ရွက်ပြီးတော့မှ သက်ဆိုင်ရာနိုင်ငံရဲ့ စက်ရုံအသေးစား၊ အလတ်စား၊ အကြီးစား သုံးမျိုးစလုံးကို လေ့လာခဲ့ကြပြီးတဲ့နောက် အဲဒီမှာရှိတဲ့ လုပ်ငန်းခွင်ဆက်ဆံရေးအခြေအနေ လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းအခြေအနေ အလုပ်သမားအဖွဲ့အစည်းများ အခြေအနေကို အသေးစိတ်လေ့လာဆွေးနွေးခွင့်ရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အလွန်တိုတောင်းတဲ့ အချိန်ကာလအတွင်းမှာ ကျွန်တော်တို့ အလုပ်သမားများရဲ့ အသိပညာတိုးတက်မှုဟာ အလွန်အားရစရာ ကောင်းပါတယ်။ သူတို့ဟာ အနုညာတတွေမဟုတ်ကြပါဘူး။ သူတို့ကို ရင့်ကျက်ဖို့ အချိန် အနည်းငယ်လေးပဲ ပိုပေးဖို့လိုပါတယ်။ သူတို့ရဲ့လုပ်ပိုင်ခွင့်များကို သူတို့ကောင်းစွာလုပ်ကိုင်နိုင်စွမ်းရှိတယ်လို့ ကျွန်တော်က အလေးအနက်ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေဟာ ဥပဒေရဲ့ အနှစ်သာရသဘော Spirit of the law အရ ကျောက်ကောင်းနှစ်ပွင့်လိုပဲ နိုင်ငံတကာမှာ ရေပန်းစားပြီး လူကြိုက်များနေကြပါပြီ။ သူတို့စောင့်ကြည့်နေတာက လက်တွေ့အကောင်အထည်ဖော်မှု Practice ပဲဖြစ်ပါတယ်။ အစိုးရဝန်ထမ်းများအပိုင်းမှာရော၊ အလုပ်သမား၊ အလုပ်ရှင်များအပိုင်းမှာရော၊ လူထုလူတန်းစားအဖွဲ့အစည်းများ အပိုင်းကပါ အမှားအယွင်းကင်းရှင်းစွာနဲ့ ဥပဒေရဲ့အနှစ်သာရအတိုင်း နည်းမှန်လမ်းမှန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သူတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက သင့်လျော်တဲ့အချိန်ကာလတစ်ခု ပေးသင့်ပါတယ်။ ကမ္ဘာပေါ်မှာ ဥပဒေအသစ် တစ်ရပ်စတင်အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အချိန်ကာလအတွင်း စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခြင်းကို မည်သည့်နိုင်ငံကမျှ ကျင့်သုံးခဲ့ခြင်းမရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုရဲ့ နည်းပညာဆိုင်ရာ အကြံပေးအရာရှိချုပ်တစ်ဦးက ကျွန်တော်တို့ထံ ပေးပို့ထားတဲ့ စာတစ်စောင်ထဲမှာ ထည့်သွင်းရေးသားဖော်ပြထားပါတယ်။ ဒါ့အပြင် အလုပ်သမားရေးရာ အငြင်းပွားမှုများတွင် နိုင်ငံရေး

အရဝင်ရောက်စွက်ဖက်ခြင်းသည် အငြင်းပွားမှုဖြေရှင်းရေးအတွက် ဘယ်တုန်းကမှ အကူအညီမဖြစ်စေခဲ့ဘူးလို့လည်း ဖော်ပြထားပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူများဟာ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များရဲ့ အကူအညီကို မယူဘဲ၊ မြန်မာနိုင်ငံ အလုပ်သမားဥပဒေအသစ်များအကြောင်းကို မသိနားမလည်ဘဲ ဒီကိုရောက်လာကြတာမဟုတ်ပါဘူး။ ဥပဒေတစ်ရပ်ဟာ နည်းမှန်လမ်းမှန်ဖွံ့ဖြိုးတိုးတက်ဖို့ အချိန်ပေးရမယ်ဆိုတာလည်း သူတို့ကောင်းကောင်း နားလည်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားနှင့်အလုပ်ရှင်ကြား ယုံကြည်စိတ်ချရမှု ပျိုးဥယျာဉ် Turst Culture ထူထောင်စ ယခုလိုအချိန်မျိုးမှာ စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခြင်းသည် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်စိတ်ချရမှု မျိုးစေ့ကို တူးဖော်ပစ်ရန် အားထုတ်သလိုဖြစ်သွားနိုင်တဲ့အတွက် အလွန်အန္တရာယ်ကြီးလှပါတယ်။ သို့ပါ၍ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် တင်သွင်းခဲ့တဲ့ အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် အဆိုအား ပြန်လည်ရုပ်သိမ်းပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်ပြသူဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့် (သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အဆိုကို ဆွေးနွေးပေးခဲ့တဲ့ ကျွန်တော့်ကိုထောက်ခံပေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကိုရော၊ ကျွန်တော့်ရဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့ရေးကိုလက်မခံတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသော်လည်းကောင်း၊ နောက်ဒီနေ့တက်တက်ကြွကြွဆွေးနွေးပေးတဲ့ အလုပ်သမားဝန်ကြီးကိုသော်လည်းကောင်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော်ကတော့ စုံစမ်းရေးကော်မရှင်ဖွဲ့သင့်တယ်လို့ ယူဆပါတယ်။ အရင်ဆုံး ဥပဒေအကြောင်းပြောပါမယ်။ အခု ပြဋ္ဌာန်းပေးနိုင်တာ ဥပဒေနှစ်ခုပဲ ရှိပါသေးတယ်။ တကယ်တမ်းဆိုရင် အခုအတည်ဖြစ်လျက်ရှိတဲ့ အလုပ်သမားဆိုင်ရာဥပဒေဟာ လေ့လာထားသလောက် ၁၆ ခုရှိပါတယ်။ အဲဒီအထဲမှာ အားလုံး ဆွေးနွေးသွားပြီးဖြစ်တဲ့ ခွင့်ရက်နဲ့ အလုပ်ပိတ်ရက်ကိစ္စ၊ နောက်တစ်ခါ အလုပ်ရုံများအက်ဥပဒေတို့ နောက်မကြာခင်လာမည့် အနည်းဆုံးအခကြေးငွေအက်ဥပဒေတို့၊ လူမှုဖူလုံရေးအက်ဥပဒေတို့ ဒါတွေကို ကြိုဆိုပါတယ်။ သို့သော် ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးအက်ဥပဒေအပါအဝင်၊ ၁၉၃၇ ခုနှစ် လုပ်ခပေးရေးအက်ဥပဒေ အပါအဝင် ဆက်လက်ပြီးတော့ ကျန်ရှိနေတဲ့ဥပဒေ ၁၆ ခုနဲ့ ပတ်သက်ပြီးတော့ ဒီဥပဒေတွေဟာ ခေတ်မှမီသေးရဲ့လား၊ အလုပ်ဖြစ်ရဲ့လား၊

အလုပ်သမားတွေရဲ့ ဘဝကိုရော လွှမ်းခြုံနိုင်တဲ့ သူတို့ရဲ့ အကျိုးစီးပွားကိုဆောင်တဲ့ ဥပဒေများဖြစ်ပါ့မလား။ ဒါဥပဒေအကြောင်းအရ ဆွေးနွေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လေးလေးစားစား ပြန်ဖြေရရင် ဒီဥပဒေနှစ်ခုစတင်တဲ့အချိန်မှာ အချိန်ပေးဖို့ နားလည်ပါတယ်။ ကျွန်တော်လက်ခံပါတယ်။ သို့သော် ဒီစုံစမ်းရေးကော်မရှင်ဖွဲ့တာ ဘယ်နိုင်ငံမှာမှမရှိဘူးဆိုတဲ့ ကျွမ်းကျင်သူနိုင်ငံတကာ ပညာရှင်များထက်ကို ကျွန်တော်တို့ နိုင်ငံအရေးကို ကျွန်တော်တို့ရဲ့ အတွေးအမြင်နဲ့ပဲ ဆုံးဖြတ်ရမှာပါ။

နောက်တစ်ခုက အခုချိန်ထိ နိုင်ငံရေးနဲ့ ပတ်သက်တဲ့သဘောထား သက်ဆိုင်ရာဝန်ကြီးများရော အချို့ပုဂ္ဂိုလ်များကို လေးလေးစားစား မေတ္တာရပ်ခံပါတယ်။ နိုင်ငံရေးသမားတွေ သို့မဟုတ် နိုင်ငံရေးကို ဆန့်ကျင်တဲ့အတွေးအခေါ်တွေနဲ့ဆိုရင်တော့ ပါတီစုံဒီမိုကရေစီကို သွားတဲ့အခါမှာ အင်မတန် နှေးကွေးပါမယ်။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အတွေ့အကြုံတစ်ခု ပဲထောက်ပြပါရစေ။ ဥပဒေရှိတာနဲ့ ဒီဥပဒေကိုကျင့်သုံးတာနဲ့ နောင်အလုပ်သမားအရေးအခင်း မပေါ်ပေါက်ဘူး ဆိုတဲ့အချက်ဟာ မမှန်ကန်ပါဘူး။ ကျွန်တော် ပူပူနွေးနွေးပဲတင်ပြပါ့မယ်။ ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နဲ့ တာဝန်ပြဋ္ဌာန်းသည့်ဥပဒေ နိုင်ငံတစ်ဝန်းလုံးမှာ ကျင့်သုံးခဲ့ပါတယ်။ ခုနက မကွေးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဆွေးနွေးသလို အဲဒီဥပဒေဘောင်အတွင်းမှာလည်း ဖြေရှင်းနိုင်ခဲ့ပါတယ်။ သို့သော် ၁၉၇၄ ခုနှစ်ကျတော့ အလုပ်သမားတွေရဲ့ဆန္ဒပြမှု အလုပ်သမားအရေးခင်းကြီး ပေါ်ပေါက်ခဲ့ပါတယ်။ အလုပ်သမား ကောင်စီတွေအောက်ခြေမှာ အရေအတွက်မပြနိုင်အောင် ဖွဲ့စည်းထားတဲ့အချိန်မှာတောင် ဒီလို အလုပ်သမားအရေးအခင်းတွေ ပေါ်ပေါက်ခဲ့တယ်ဆိုတာ ဥပဒေတစ်ခုတည်းအပေါ်မှာ ကြည့်လို့မရပါဘူး။ နိုင်ငံရေးအကြောင်းခံတွေ စီးပွားရေးအကြောင်းခံတွေ ကြည့်ရပါမယ်။ အခု ဒီစုံစမ်းရေးကော်မရှင်ဖွဲ့ဖို့ တင်ပြတာဟာ အခု ဖြေရှင်းပေးခဲ့တဲ့ လက်ငင်းဆောင်ရွက်မှုကို အလုပ်သမားဝန်ကြီးဌာနအပါအဝင် အားလုံးသော ပူးပေါင်းဆောင်ရွက်သူအားလုံးကို ဒီလွှတ်တော်ကြီးမှတစ်ဆင့် ကျေးဇူးတင်ကြောင်း ထုတ်ပြောပါရစေ။ သို့သော် ဒီမျှနဲ့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ဟာ နိုင်ငံရဲ့အရေးကို တွက်တဲ့အခါမှာ ကိုယ်တာဝန်ယူထားတဲ့ ကာလလေးမှာ အဲဒီတစ်ကွက်ထဲနဲ့ ကြည့်ပြီးတော့ ပြောမယ်ဆိုရင်တော့ နိုင်ငံရဲ့နောင်ရေးအတွက် အင်မတန်မှ ရင်လေးပါတယ်။ အာဏာဟာ ဘယ်သူ့မှ နှစ်ပေါင်း ၂၀၊ နှစ်ပေါင်း ၃၀ ရှိကြမှာမဟုတ်ပါဘူး။ တိုင်းပြည်အရေးကို ရိုးရိုးသားသားအဖြေရှာနိုင်ဖို့အတွက် ဤလွှတ်တော်ကြီးမှတစ်ဆင့် တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ခုဒီဟာတွေ တင်ပြတဲ့အခါမှာ အရင်ဆုံးနားလည်ဖို့လိုအပ်တဲ့ အချက်ကတော့ နိုင်ငံအတွက်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတဲ့အခါမှာ နောင်ပေါ်ပေါက်လာနိုင်သော နိုင်ငံရေး၊ စီးပွားရေး အခြေအနေအရပ်ရပ်ကိုလည်းကောင်း အခုကျန်တဲ့ ဥပဒေ ၁၆ ခုနဲ့ ပတ်သက်ပြီး အလုပ်သမားတွေရဲ့ ဘဝနဲ့ အကျိုးစီးပွားကိုဖော်ဆောင်ဖို့သော်လည်းကောင်း အခု အတည်ပြုထားတယ်ဆိုတဲ့ ဥပဒေ နှစ်ခုဟာလည်း အခုဆန္ဒပြမှုတွေပေါ်လာတဲ့အချိန်မှာ ဒီဥပဒေအချိန် နောက်ကျလို့သာ ဒီဥပဒေဟာ အလုပ်သမားတွေရဲ့ ဘဝနဲ့အငွေ့အသက်တွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လောက် လိုအပ်ပါသေး သလဲ။ အဲဒီတော့ အလုပ်သမားဝန်ကြီးကို လေးလေးစားစားတုံ့ပြန်လိုတဲ့ အချက်ကတော့ အခုစုံစမ်းရေး ကော်မရှင်ဖွဲ့ခြင်းသည် ဘာနိုင်ငံရေးအရမှ ဝင်ရောက်စွက်ဖက်ဖို့မဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုအရေးအခင်းမျိုးတွေကို ဥပဒေပြုပေမယ့် နောက် ၁၀ နှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ သမိုင်းအတွေ့ အကြုံအရလည်းကောင်း အလုပ်သမားတွေရဲ့ ဘဝဘယ်လောက် ဆင်းရဲနွမ်းပါးပြီးတော့ ဘယ်လောက် နစ်နာနေတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ထဲထဲဝင်ဝင် သိရှိရတဲ့အတွက်လည်းကောင်း တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြောင်းအရရော၊ နိုင်ငံရေး ကြောင်းအရရော ဒီပြဿနာရဲ့ အရင်းအမြစ်ကိုထဲထဲဝင်ဝင် လေ့လာဖြေရှင်းနိုင်ဖို့အတွက်တော့ ပြည်တွင်းဖြစ်လုပ်ပေးနိုင်တဲ့ အလုပ်သမားဌာန လွှတ်တော်ရေးရာကော်မတီ ရှစ်လေးလုံး ကျောင်းသားတွေအပါအဝင် အများယုံကြည်လောက်တဲ့ပုဂ္ဂိုလ်တွေပါတဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့ခြင်း ဟာ ကျွန်တော်တို့ရဲ့ ရှေ့ပေါ်ပေါက်လာမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ဖို့အတွက် အခွင့်အလမ်း တစ်ခုကို ဒီလွှတ်တော်မှာ တင်ပြခြင်းဖြစ်တဲ့အတွက် စုံစမ်းရေးကော်မရှင် ဖွဲ့သင့်တယ်ဆိုတဲ့ တင်ပြချက်ကို ကျွန်တော် ခိုင်ခိုင်မာမာရပ်တည်ရင်း လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်မှာ ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို ကျွန်တော်တို့ ကိုယ်စားလှယ်များ လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ လေးစားလိုက်နာမှုရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကလည်း အများစုဖြစ်ပါတယ်။ ဒါကြောင့် သတိမမူလို့ သို့တည်းမဟုတ် သတိမူရဲ့သားနဲ့ ဒီစကားလုံးကိုသုံးနှုန်းမှ ဖြစ်မယ်ဆိုပြီးတော့ ပြောခဲ့တင်ပြဆွေးနွေးခဲ့ကြတာ ဒီနေ့နဲ့မနေ့က ဒီလွှတ်တော်ထဲမှာရှိခဲ့ပါတယ်။ ဒါကိုကျွန်တော်တို့ လက်ခံမယ်ဆိုရင် သတိထားပြောဆိုမှုမပြုဘူးဆိုရင် မှန်တယ်ထင်ပြီးတော့ ဆက်လက်ဆောင်ရွက်တဲ့ အခါမှာ လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်သွားမှာဖြစ်သလို ကျွန်တော်တို့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ ဒီနေ့ အားလုံး ယုံကြည်လက်ခံဆောင်ရွက်နေတဲ့ ပါတီစွဲ၊

ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့အယူဘာသာစွဲ၊ ပုဂ္ဂိုလ်မထားကြဘဲနဲ့ နိုင်ငံနှင့်နိုင်ငံသားအကျိုးများကို ဆောင်ရွက်ကြမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ စိတ်ထဲကခံယူထားတဲ့ပဋိညာဉ်တွေ၊ ရည်ရွယ်ချက်တွေချိုးဖောက်သလို ဖြစ်မယ်ဆိုတာကို သတိပြုနိုင်ဖို့အတွက် လွှတ်တော်ကို ကျွန်တော်လေးစားစွာတင်ပြခြင်းပဲဖြစ်ပါတယ်။ ဒီနေ့မှာ နောက်ဆုံးအဆိုရှင်ဖြစ်တဲ့ ဦးသိန်းညွန့် နောက်ဆုံးအကြိမ်အထိဆွေးနွေးသွားတဲ့နေရာမှာ ၈၈ မျိုးဆက်သစ်ဆိုတဲ့စကားရယ်၊ ဦးခိုင်မောင်ရည်ဆွေးနွေးသွားတဲ့ကျွန်တော့်သူငယ်ချင်းများ အမည်နာမတွေဖော်သွားခြင်းရယ် အဲဒီအတိုင်းပဲ ယမန်နေ့ကဆွေးနွေးခဲ့တဲ့ရန်ကုန်နှင့်မန္တလေးမှာရှိတဲ့ နာရေးကူညီမှုအသင်း နာမည်နှင့်တကွဖော်ပြဆွေးနွေးသွားတာတွေဟာလွှတ်တော်ရဲ့ ဥပဒေ၊ နည်းဥပဒေများကို သတိပြုဆင်ခြေမှုမရှိသလို ချိုးဖောက်သွားတဲ့သဘောမျိုးဖြစ်တယ်ဆိုတာကိုလည်း ထပ်လောင်းလွှတ်တော်ကိုတင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှတစ်ဆင့် သိလျက်နဲ့ဖြစ်စေ၊ အသိမဲ့နဲ့ဖြစ်စေ မလိုလားအပ်သောအမည်နာမသုံးစွဲခြင်း၊ ပါတီများ သုံးစွဲခြင်းကို မပြုလုပ်ကြဖို့ လွှတ်တော်မှတစ်ဆင့် ပြောဆိုသုံးနှုန်းသွားတဲ့လူများကို သတိပေးကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဆက်လက်ပြီး အဆိုရှင် ဦးသိန်းညွန့်က မိမိရဲ့အဆိုကခိုင်မာကြောင်း၊ မှန်ကန်ကြောင်း ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူမှာဖြစ်ကြောင်း တင်ပြသွားခဲ့ပါတယ်။ ဒါကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပေးတဲ့နည်းလမ်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်က ဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံတချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွားရသော လက်ငင်းအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်းများကို လေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညိုလေးစားပြီး ယုံကြည်လောက်သောပုဂ္ဂိုလ်များပါဝင်သည့် အလုပ်သမားဆန္ဒဖော်ထုတ်မှုနှင့်ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှတိုက်တွန်းကြောင်းအဆိုကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းအတွက် စက်ခလုတ်အသုံးပြု၍ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံမဲ ၄၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၈၈ မဲ၊ ကြားနေ ဆန္ဒမဲ ၁၇ မဲဖြစ်ပါတယ်။ ဒါကြောင့် ကန့်ကွက်တဲ့ကိုယ်စားလှယ် အရေအတွက်ကများတဲ့အတွက် သယံဇာတ်ကျွန်းမဲဆန္ဒနယ်မှ

ဦးသိန်းညွန့်တင်သွင်းတဲ့ မကြာခင်ကဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံ တချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွား ရသော လက်ငင်းအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်း များကိုလေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညိုလေးစားပြီး ယုံကြည်လောက်သော ပုဂ္ဂိုလ်များပါဝင်သည့် အလုပ်သမားဆန္ဒဖော်ထုတ်မှုနှင့်ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်မပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာချမ်းငြိမ်း၊ ကန့်ဘလူမဲဆန္ဒနယ်က မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်းပြုစုထားရှိရေး အဆိုတင်သွင်း ခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက် ပြီး ကန့်ဘလူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းအား မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ မှတ်တမ်းစွယ်စုံ ကျမ်းပြုစုထားရှိရေးအဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာချမ်းငြိမ်း(ကန့်ဘလူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်သော မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေး အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် နှစ်ပေါင်းထောင်ချီ၍ အေးအတူပူအမျှ အတူယှဉ်တွဲနေထိုင်လျက်ရှိကြပါတယ်။ ဤကဲ့သို့ တိုင်းရင်းသားများ အတူချစ်ခင်စွာပူးပေါင်း၍ ခေတ်မီဒီမိုကရေစီ နိုင်ငံတော်ကြီး ခိုင်မြဲစွာ တည်ဆောက်ရန် တိုင်းရင်းသား အချင်းချင်းချစ်ခင်လေးစားပြီး တစ်ဦးကိုတစ်ဦး နားလည်ယုံကြည်မှု

ရမှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ခေတ်မီတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် တည်ရှိမည်ဖြစ်ပါတယ်။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူများဖြစ်သော ပုဒ်မ ၆ (က) ပြည်ထောင်စုမပြိုကွဲရေး၊ (ခ) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ပြဋ္ဌာန်းထားချက်နှင့်အညီလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ တွင် ဖော်ပြထားသော နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊ (ဂ) တိုးတက် ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသော လူမှုရေးတိုးတက်ဖွံ့ဖြိုးရေး အတွက် ကူညီဆောင်ရွက်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသားများ အကြားတစ်ဦးနှင့် တစ်ဦး ပိုမိုသိရှိ ချစ်ခင်လေးစား ရိုင်းပင်းကူညီပြီး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်များ ငယ်ရွယ်စဉ်ကာလကပင် အမြစ်တွယ်ကြီးထွားရင့်သန်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ခိုင်မာသော ယုံကြည်ချက်ဖြင့် တစ်တပ်တအားပါဝင်လာရေးအတွက် ယခုအဆို ဖြစ်သော မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်သော မှတ်တမ်းစွယ်စုံကျမ်း Encyclopedia of Myanmar National Races ကို အချက်အလက်ပြည့်ပြည့်စုံစုံ ရောင်စုံဓာတ်ပုံများဖြင့် ခန့်ညားထည်ဝါစွာ ပြုစုထုတ်ဝေနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ သဘာဝရေ၊ မြေ၊ တောတောင် သဘာဝအရ တိုင်းရင်းသားများသည် တစ်ပြည်တည်းတွင် အတူနေကြသော်လည်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဆက်ဆံမှုနည်းနေမှုကြောင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ခဲ့တဲ့ သာဓကများလည်းရှိခဲ့ရပါတယ်။ တိုင်းရင်းသားများ အကြား အတူတကွ ငြိမ်းချမ်းစွာ တိုင်းပြည်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန် တစ်ဦးအကြောင်း တစ်ဦး ကောင်းစွာ သဘောပေါက် နည်းလည်ရန်လိုအပ်ပါတယ်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန် မြန်မာနိုင်ငံတိုင်းရင်းသား တစ်မျိုးစီ၏ သမိုင်းကြောင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးစံများကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ပြည့်စုံစွာပြုစု စုစည်းပြီး မြန်မာနိုင်ငံ တိုင်းရင်းသားများမှတ်တမ်း စွယ်စုံကျမ်း Engyclopedia of Myamar National Races ကို ထုတ်ဝေသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါသည်။ ထိုသို့တင်ပြရာတွင် တိုင်းရင်းသား တစ် မျိုးစီ၏ သမိုင်းကြောင်းနှင့်ပတ်သက်၍

ဖော်ပြရာ၌ လူဦးရေ၊ မျိုးနွယ်စုများ၊ နိုင်ငံအတွင်း ပြန့်နှံ့နေထိုင်မှုစသည်များ ပါရှိရမည့်အပြင် ယဉ်ကျေးမှုတွင်လည်း လူမျိုးစုအလိုက် လိုက်နာထိန်းသိမ်းနေမှု အစဉ်အလာများ၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ဓလေ့ထုံးတမ်းများ လေးစားလိုက်နာရမည့်အချက်များ၊ တိုင်းရင်းသားရိုးရာ ဝတ်စား ဆင်ယင်မှု၊ တိုင်းရင်းသားရိုးရာ အကများ၊ နှစ်စဉ်ကျင်းပလေ့ရှိသော ရာသီပွဲတော်များ၊ လူမှုရေး အခမ်းအနားများ ကျင်းပပုံကျင်းပနည်းများကိုလည်း ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါတယ်။ တိုင်းရင်းသား စာပေနှင့် စကား တွင် စာပေသမိုင်းကြောင်း၊ ဒေသအလိုက် ပြောဆိုရေးသား၊ ကွဲပြားမှုရှိပါကလည်း ဖော်ပြရန်နှင့် တိုင်းရင်းသားရိုးရာစာပေအမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် ဖော်ထုတ်ပေးနိုင်ရန် အတွက် အထောက်အကူဖြစ်စေရန်ဖြစ်ပါတယ်။ ရိုးရာဓလေ့အပိုင်းတွင်လည်း ကိုးကွယ်သည့်ဘာသာ၊ ကျင့်သုံးလျက်ရှိသော ရိုးရာဓလေ့များ၊ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဓလေ့ထုံးတမ်းများနှင့် ကောင်းမွန်သော ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ပေးသင့်ပါတယ်။ ထို့အပြင်တိုင်းရင်းသားလူမျိုးစု တစ်စုချင်းအလိုက် အသက်မွေးဝမ်းကျောင်းပြုမှုများ၊ ထူးခြားစွမ်းရည်များ၊ လုပ်ဆောင်နိုင်မှုများနှင့် အထွေထွေပိုင်းတွင် တိုင်းရင်းသားလူမျိုးစုအလိုက် အသုံးပြုလျက်ရှိသော အစွမ်းထက်သဘာဝ တိုင်းရင်းဆေးများအကြောင်းကိုလည်း ဖော်ပြပါရှိရန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က တိုင်းရင်းသားလူမျိုး တစ်စုစီအလိုက် လေ့လာမှုအချို့ရှိခဲ့သော် လည်း ယခုကဲ့သို့ အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားများ စွယ်စုံကျမ်း Encyclopedia of Myanmar National Races ကိုခန့်ညားထည်ဝါစွာ ပြုစုထုတ်ဝေခြင်းဖြင့် တစ်ဦးအကြောင်းတစ်ဦး ပိုမိုသိရှိပြီး တိုင်းရင်းသားများအကြားတွင် ချစ်ခင်ယုံကြည်လေးစားမှုများ၊ ပူးပေါင်းဆောင်ရွက်လိုမှု၊ ကူညီရိုင်းပင်းလိုမှုများတိုးပွားလာကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အူလှိုက်၊ သဲလှိုက် တညီတညွတ်တည်း ခံယူကျင့်သုံးပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းထောင်ချီ၍ချစ်ကြည်ရင်းနှီးစွာနေခဲ့ကြသော တိုင်းရင်းသားများ၏ ယဉ်ကျေးမှုစာပေ၊ ဓလေ့၊ ထုံးတမ်းစဉ်လာများကို တစ်ဦးအကြောင်း တဦးက ပိုမိုသိရှိကာ အတူချစ်ခင်စွာဖြင့် ခေတ်မီဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှုစာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်သော မှတ်တမ်းစွယ်စုံကျမ်း Encyclopedia of Myanmar National Races ကို အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ခန့်ညားထည်ဝါစွာ ပြုစုပြီးအဆိုပါ မှတ်တမ်း

များကို တိုင်းရင်းသားပြည်သူ လူငယ်၊ လူလတ်၊ လူကြီးမရွေး လွယ်လင့်တကူ လေ့လာနိုင်ရန် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာ၊ စာကြည့်တိုက်များအပါအဝင် အများပြည်သူများလေ့လာသိရှိနိုင်သည့် နေရာများတွင် ထားရှိပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးလေးစားစား အဆိုပြု တင်ပြလိုက်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာချမ်းငြိမ်းရဲ့ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်း တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေး အဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းရဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာချမ်းငြိမ်း တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ဘလူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းတင်သွင်းတဲ့အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာချမ်းငြိမ်း၊ ကန့်ဘလူမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဒေါက်တာချမ်းငြိမ်းတင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် နေ့ရက်ကို ထပ်မံကြေညာပါမယ်။ ဆွေးနွေးလို့တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ၁၃း၀၀ နာရီအချိန်အရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးဖြစ်သော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က ၂၆-၇-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက် (တနင်္လာနေ့) နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၁၂း၅၅ နာရီတွင် ရပ်နားပါသည်။**]**